# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၅) ရက် ၊ သောကြာနေ့ ၊ (3-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂** ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်

## အယ်ဒီတာ့အာဘော်

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ပြည်သူများကိုကျန်းမာရေးစောင့်ရှောက်

နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တစ်ဖက်တစ်လမ်းက ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့က ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းဖြစ်ပေသည်။

ထိုသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကုန်းလမ်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသကဲ့သို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် အောက်တိုဘာ ၃၁ ရက်မှစ၍ နယ်လှည့်ဆေးကုသမှုဆောင်ရွက်ရန် ထွက်ခွာခဲ့ကြခြင်းဖြစ်ပေသည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်မှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး **X-Ray** ရိုက်ခြင်း **Ultrasound** ရိုက်ခြင်းနှင့် ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါဆေးကုသရေးအဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် ညောင်တုန်းမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆေးကုသမှုဆိုင်ရာရောဂါ ၂၇၄ ဦး၊ ခွဲစိတ်ရောဂါ ၅၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၁၂၈ ဦးနှင့် သွားရောဂါ ၁၄ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ **ECG** စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့်ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ၏ ပြည်သူ့အကျိုးကို ရှေးရှု၍ ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုနိုင်သကဲ့သို့ အချိန်မီကုသမှု ပေးနိုင်ပါကလည်း ပြည်သူများ၏ အသက်ပေါင်းများစွာကို ကယ်တင်ပေးနိုင်မည်ဖြစ်ပေသည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက် စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရသည်။ ယခုကဲ့သို့ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို စေတနာ၊ အကြင်နာတရားအပြည့်ဖြင့် ဆောင်ရွက်ပေးနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့ကို ချီးကျူးဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ အောက်တိုဘာလအတွင်း ကုန်စည်တင်ပို့သည့်ရေယာဉ်အစီးရေ ၁၇၀ ထိရှိခဲ့



**မန္တလေး နိုဝင်ဘာ ၂**

ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ အောက်တိုဘာလအတွင်း ပြောင်းဆန်၊ သကြား၊ ဆား၊ ဒီဇယ်စသည့် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ်အစီးရေ ၁၇၀ ထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခင် အောက်တိုဘာလက ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက်ရေကြောင်းကျပ်တည်းမှုမရှိဘဲ ရေလမ်းကြောင်း ကောင်းမွန်ခဲ့ကြောင်း၊ ထိုသို့ ရေလမ်းကြောင်းကောင်းမွန်သဖြင့် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်မြို့တို့မှ ပြောင်းဆန်၊ ဆား၊ သကြား၊ ဒီဇယ် စသည့်ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ်များလည်း များပြားခဲ့ကြောင်း သိရသည်။

"မန္တလေးဆိပ်ကမ်းကို ရန်ကုန်၊ ထီးချိုင့်၊ ကသာနဲ့ ဗန်းမော်မြို့တွေကနေ ကုန်စည်တင်ပို့မှုက အောက်တိုဘာလအတွင်း များပြားပါတယ်။ အခုလတ်တလောကတော့ ဒီဇယ်၊ ကျောက်မီးသွေး၊ ဆား စတဲ့ကုန်စည်တွေ အများဆုံးဖြစ်နေပါတယ်" ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ အောက်တိုဘာလအတွင်း တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဒီဇယ်၊ ပရီမီယံဒီဇယ်၊ 92 Octane ၁၃၄၅၇ ဒသမ ၇၇ တန်၊ ပြောင်းဆန် တန် ၁၁၀၊ ကျောက်မီးသွေး ၈၂၅၆၉ တန်၊ ဆား ၄၇၅ တန်၊ သကြား ၇၉၁၅တန်၊ သစ်ပါးလွှာ ၇၂ ဒသမ ၅၅ တန်၊ မြေဆီ ၉၆၄ ဒသမ ၆၅ တန်ရှိခဲ့ကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများကို GAHP လက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် မွေးမြူရေးလုပ်ငန်းလုပ်နေသူများကို GAHP (ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်) လက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ GAHP (ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်) လက်မှတ်ကို မွေးမြူရေးလုပ်ကိုင်နေသူများကို ထုတ်ပေးနိုင်ရေးအတွက် စံသတ်မှတ်ချက်များ ရေးဆွဲထားရှိပြီးဖြစ်ကြောင်း၊ ထိုရေးဆွဲပြီးသားများကိုလည်း သိရှိစေရန်အတွက် မြို့နယ်အလိုက်မွေးမြူရေးလုပ်ကိုင်သူများကို အသိပညာပေးခြင်း၊ ဟောပြောခြင်းများနှင့် သင်တန်းပေးခြင်းများကို လုပ်ဆောင်ပေးနေကြောင်း၊ ၎င်းလက်မှတ်ထုတ်ပေးသွားမည့် တိရစ္ဆာန်များမှာ ကြက်၊ ဝက်၊ နွား၊ သိုး၊ ဆိတ်စသည်တို့ဖြစ်ကြောင်း၊ မွေးမြူသူများက လာရောက်လျှောက်ထားပါက အဖွဲ့များဖြင့်စစ်ဆေးပြီး စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"GAHP လက်မှတ်ပေးဖို့ အတွက် စံသတ်မှတ်ချက်တွေကို ဆွဲထားပါတယ်။ မွေးမြူသူတွေကိုလဲ ဒီလိုလက်မှတ်ရလို့ရှိရင် ဒီခြံက ထွက်လာတဲ့ပစ္စည်းတွေ ဈေးကောင်းပိုရတယ်ဆိုတဲ့ အသိပညာတွေ ရသွားအောင် ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူတွေကို GAHP လက်မှတ်ထုတ်ပေးနိုင်ရေး အတွက် မြို့နယ်အလိုက်မွေးမြူသူတွေကို GAHP လက်မှတ်ရရှိနိုင်မဲ့ စနစ်အကြောင်းကို သင်တန်းတွေပေးနေပါတယ်။ မွေးမြူသူလျှောက်လာရင် သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိ စစ်ပြီးမှ လက်မှတ်ထုတ်ပေးသွားမှာပါ။ မွေးမြူရေးမှာလဲ GAHP လက်မှတ်ရမှ မွေးရမယ်လို့ သတ်မှတ်ချက်မထားပါဘူး။ ဒီစနစ်ပြောင်းလဲလာအောင် တဖြည်းဖြည်း သွားရမှာပါ"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

GAHP လက်မှတ်ကို စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းရှင်များရရှိနိုင်သကဲ့သို့ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းရှင်များကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်း၊ သို့သော် မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့် GAHP လက်မှတ်ရရှိနိုင်သည့် လုပ်ငန်းစဉ်များအတိုင်း မွေးမြူခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ GAHP လက်မှတ်ရရှိထားသည့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသော တိရစ္ဆာန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ဈေးနှုန်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ငရုတ်သီးအစို အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး နယ်စုံဒေသမှထွက်ရှိလာသည့် ငရုတ်သီးအစိုများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

ငရုတ်သီးများကို ယခုအခါ ကျောက်ဆည်၊ ပျော်ဘွယ်၊ ဝမ်းတွင်း၊ ရမည်းသင်း စသည့်ဒေသများမှထွက်ရှိကာ မန္တလေး ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ငရုတ်သီးအစို တစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ထိရှိပြီး အရောင်းအဝယ် ကောင်းနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

"အခုအချိန်ကတော့ နယ်စုံဒေသကငရုတ်တွေ စတင်ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ ငရုတ်တွေကို တောင်သူတွေက မန္တလေးဈေးကွက်ကို တင်ပို့ရောင်းချတဲ့အခါ အရောင်းအဝယ်ကောင်းနေပါတယ်။ မြဝတီဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေပါတယ်။ လာမဲ့ ဒီဇင်ဘာလဆိုရင်တော့ လှိုင်လှိုင်ပေါ်ထွက်လာတော့မှာပါ။ အခုအချိန်က အနည်းငယ်ထွက်ရှိနေပြီး ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ငရုတ်ကို အခြောက်လှန်းသူတွေလဲ ရှိပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်သီးအစိုနှင့် အခြောက်များကို မြဝတီဈေးကွက်သို့ တင်ပို့ရောင်းချနေခြင်းများလည်း ရှိပြီး ရာသီဥတုအခြေအနေပေါ်မူတည်၍ တင်ပို့ရောင်းချရကြောင်း၊ ငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်းဘွဲ့မြို့နယ် လုကဒိုင်းကျေးရွာ၌ မှုကြိုကျောင်းဆောင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ နိုဝင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဥဒေါင်းကျေးရွာအုပ်စု လုကဒိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မူကြိုကျောင်းဆောင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့်တာဝန်ရှိသူများက စီမံကိန်းကော်မတီဝင်များနှင့်အတူ လုကဒိုင်းကျေးရွာ၌ အလျားပေ ၃၀၊ အကျယ်ပေ ၂၀၊ အမြင့် ၁၂ ပေရှိ မူကြိုကျောင်းဆောင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် လုကဒိုင်းကျေးရွာ၌ အဆိုပါမူကြိုကျောင်းဆောင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၃ သိန်း၊ စုစုပေါင်းငွေကျပ် ၂၁၃ သိန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ဆက်လှ**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပြောင်းဖူးစားပြောင်း ၁၆၂၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပြောင်းဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပြောင်းဖူးစားပြောင်း ၁၆၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပြောင်းဖူးစားပြောင်း ၁၇၉၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဩဂုတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဒီနှစ် အစေ့ထုတ်ပြောင်းနဲ့ ပြောင်းဖူးစားပြောင်း ဧက ၁၇၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ပြောင်းဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ပြောင်းဖူးစားပြောင်း ၇၃၇ ဧက၊ ဝန်းသိုမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀ ဧက၊ ပြောင်းဖူးစားပြောင်း ၅၈၇ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅ ဧက၊ ပြောင်းဖူးစားပြောင်း ၂၅၄ ဧက စုစုပေါင်း ၁၆၂၃ ဧကဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ပြောင်းဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ချောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းကောက်ကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချောင်းကောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၃၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၂ ဦးကို ငွေကျပ် ၃၁၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄၃ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ကိုးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၆ ဦးကို ငွေကျပ် ၅၀၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**စင်မာ**

# မလှိုင်မြို့နယ် နှောကန်ကျေးရွာ၌ ချင်းမြောင်းလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှောကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ချင်းမြောင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ နှောကန်ကျေးရွာ၌ အရှည်ပေ ၈၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ချင်းမြောင်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

နှောကန်ကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၄ သိန်းအသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ဖျာပုံမြို့သို့ တစ်ရက်လျှင် ခရမ်းသီး အလုံးရေ ၅၀၀ ပါ ခြင်း ၂၀ ထိတင်ပို့ရောင်းချနေရ

**ကျိုက်လတ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ဖျာပုံမြို့သို့ ဒေသထွက် ခရမ်းသီးအလုံးရေ ၅၀၀ ပါခြင်း ၂၀ ထိတင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ဖျာပုံမြို့သို့ ပြီးခဲ့သည့် အောက်တိုဘာလ ပထမပတ်က ဒေသထွက် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၅၀၀ ပါ ၁၀ ခြင်းထိသာ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာလ ဒုတိယပတ်မှ ယနေ့ထိ တစ်ရက်လျှင် ခရမ်းသီး အလုံးရေ ၅၀၀ ပါ ခြင်း ၂၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"လက်ရှိ ဒေသမှာ ခရမ်းသီးတွေစတင်ပေါ်ချိန်ပါ။ ဒေသထွက်ကုန်တွေကို ဖျာပုံမြို့ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုလို ခရမ်းသီးတွေ စတင်ပေါ်ချိန်မှာ ကုန်ပစ္စည်းတင်ပို့ရမှုများလာပါတယ်။ အခုနှစ် ဒေသထွက် ခရမ်းသီးတွေကလဲ ပိုးမွှားရောဂါကင်းရှင်းတာ တွေ့ရပါတယ်။ ကိုယ့်ဒေသကနေ ခရမ်းသီးတွေ အပါအဝင် ဒေသထွက်သီးနှံတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိဖျာပုံဈေးကွက်ကို ခရမ်းသီးတွေ အရင်လကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်" ဟု ကျိုက်လတ်မြို့မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ခရမ်းသီးများကို စိုက်ပျိုးရေးလုပ်ငန်းရှင်များက ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များထံ တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ဖျာပုံမြို့သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများ အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# စွယ်စုံရအနုပညာရှင် ဂန္ထဝင်စာရေးဆရာကြီးအောင်လင်းသို့ တမ်းချင်း

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

၁၉၂၈ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ကွယ်လွန်သွားရှာသော **"ဂန္ထဝင်စာပေပညာရှင်ကြီး အောင်လင်း"**ကွယ်လွန်ခြင်း နှစ် ၄၀ အကြို အလွမ်းပြေ စကားဝိုင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ်ရှိ "ပန်းကျောင်းတော်ရှုခင်းသာအနုပညာမြိုင်" ၌ ဆရာအောင်လင်း၏သား ကိုကိုအောင်နှင့် သမီး မေအောင်လင်းတို့က ဦးဆောင်ကျင်းပခဲ့ရာ စာရေးဆရာ၊ ဆရာမများ စုံညီစွာတက်ရောက်ခဲ့ကြပြီး အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး အမှတ်တရစကားပြောကြားခဲ့ကြသူများထဲမှ ဆရာဟိန်းလတ်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃ ရက်ထုတ် စံတော်ချိန်သတင်းစာတွင် **"အရိုင်းစံပယ်–ရင်ပွင့်လေသောအခါ"** ဆောင်းပါးကို ရေးသားဂုဏ်ပြုထားရာ ဆရာအောင်လင်း၏ စာချစ်သူတိုင်းက **"စွယ်စုံရအနုပညာရှင် ဂန္ထဝင်စာရေးဆရာကြီးအောင်လင်း"**ကို ပိုမိုအောက်မေ့သတိရစေပြီး လွမ်းဆွတ်တမ်းတနေကြပေလိမ့်မည်။ ဆရာအောင်လင်းသည် ကျောင်းစာထက် ဂီတကို ပိုမိုမြတ်နိုးသဖြင့် ကျောင်းဆက်မတက်ဘဲ ဂီတလောကသို့ ခြေစုံပစ်ဝင်ခဲ့ကြောင်း၊ မြန်မာ့ညွန့်ဦးချစ်မောင်၊ စောင်းဦးဘသန်း၊ အမေဒေါ်အောင်ကြည်တို့က အားပေးခဲ့ကြောင်း၊ "မင်း ဘွဲ့မရပေမဲ့ ကိစ္စမရှိဘူး။ ဂီတပညာမှာတော့ မင်းကို ဘွဲ့ပေးလို့ရပြီ"ဟု ဆိုကြကြောင်း၊ ဆန်းသစ်ဆန်းအဖွဲ့၊ တေးသစ်လွင်အပျော်တမ်းတူရိယာအဖွဲ့တို့ကိုဦးဆောင်ပြီး သီချင်းအပုဒ်ရေ ၆၀ ကျော်ရေးသားကာ အသံလွှင့်ခဲ့ကြောင်း၊ **"မေတ္တာရေလှိုင်း၊ တေးပန်လွှာ၊ မေတ္တာရွှေစောင်း"** သီချင်းများသည် နာမည်ကျော်ခဲ့ကြောင်း၊ ကိုစောညိန်း၏ ဂီတနက်သန်တီးဝိုင်းတွင်လည်း သီချင်းများဆိုခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ်မှစ၍ "ပခုက္ကူ၊ အပုလေး၊ ရွှေကူတင်၊ တက္ကသိုလ်ငတိ၊ ဆူးညှောင့်၊ အောင်လင်း" ဟူသော ကလောင်မျိုးစုံဖြင့် ရေးသားခဲ့ကြောင်း၊ လုံးချင်းဝတ္ထု ၅၀ ကျော်ရေးသားခဲ့ရာ အားလုံးလိုလိုလူကြိုက်များပြားခဲ့ကြောင်း၊ နာမည်အကြီးဆုံး **"အရိုင်းစံပယ်"**ဝတ္ထုသည် ၁၉၆၁ ခုနှစ်တွင် စာပေဗိမာန်စာမူဆုရခဲ့ကြောင်း၊ **"အရိုင်းစံပယ်"**ကို ရုပ်ရှင်ရိုက်ကူးတင်ပြခဲ့ရာတွင် ဇာတ်လမ်းထဲပါ ဂီတပြိုင်ပွဲ၌ ဒိုင်လူကြီးများက ဘက်လိုက်မှုကြောင့် တော်ပါလျက်နှင့် ဆုမရ၍ ဒိုင်လူကြီးများ၏ရှေ့မှောက်တွင် တယောကို ရိုက်ချိုးထွက်လာခဲ့သော မင်းသားထွန်းဝေ၏ သရုပ်ဆောင်ချက်ကို အလွန်သဘောကျကြသဖြင့် ရုပ်ရှင်ကြည့်ပရိသတ်များက လက်ခေါက်မှုတ်၊ လက်ခုပ်တီးအားပေးခဲ့ကြကြောင်း၊ ဆရာအောင်လင်းသည် ဂီတနှင့်စာပေသာမက ရုပ်ရှင်မင်းသားလည်းလုပ်ခဲ့သေးကြောင်း၊ ပြဇာတ်များရေးပြီး ပြဇာတ်ဒါရိုက်တာလည်းလုပ်ခဲ့ကြောင်း စသည်ဖြင့် စွယ်စုံရအနုပညာရှင်ကြီး၊ ဂန္ထဝင်စာရေးဆရာကြီးဖြစ်ကြောင်း ဆရာဟိန်းလတ်က သူ့ဆောင်းပါးထဲတွင် မှတ်သားဖွယ်ရာများ ရေးသားထားသည်။

**"ဆရာဟိန်းလတ်"**၏ဆောင်းပါးထဲ၌ စာပေလှုပ်ရှားမှုမျိုးစုံပါဝင်လှုပ်ရှားခဲ့သော ဆရာအောင်လင်း၏ စာပေနှင့်အနုပညာပုံရိပ်များကိုဖော်ပြထားရာတွင် ဆရာအောင်လင်းသည်**"စာရေးဆရာအသင်း၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့၏"**ဟု ညွှန်းဆိုထားသည်။

ကျွန်တော် ပိုမို၍စိတ်ဝင်စားသွားခဲ့သည်။ ပိုမို၍ စိတ်ဝင်စားစရာအကြောင်းများကိုလည်း ကျွန်တော်က ကိုယ်တွေ့လိုက်နာကျင့်သုံးနေသောကြောင့်ဖြစ်သည်။ ကျွန်တော်လိုက်နာကျင့်သုံးနေသည်မှာ ဆရာအောင်လင်း စာပေတာဝန်ထမ်းဆောင်ရင်း ဟောပြောလမ်းညွှန်ခဲ့သော **"ကလောင်သစ်ပညာရေး"**လမ်းညွှန်ချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏သက်တမ်းကို ၁၉၄၀ ပြည့်နှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဒီးဒုတ်ဦးဘချို၏လက်ထက်မှစ၍ ၁၉၆၃ ခုနှစ်တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ဥက္ကဋ္ဌဦးသိန်းဖေမြင့်လက်ထက်ထိ သမိုင်းကြောင်းအရ ၂၂ နှစ်ကာလကို **"ပထမပိုင်း"**ဟု သတ်မှတ်ထားသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်း၏အမွေခံ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးမင်းသုဝဏ် တာဝန်ယူခဲ့သည့် ၁၉၆၆ ခုနှစ်မှစ၍ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံစာရေးဆရာအသင်းအဆက်ဆက်၊ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုးလက်ထက်ထိ ၅၇ နှစ်ကာလကို **"ဒုတိယပိုင်း"**ဟုသတ်မှတ်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၏သက်တမ်းမှာ ၇၉ နှစ်ခရီးသို့ ရောက်ရှိခဲ့လေပြီ။

ဆရာအောင်လင်း စာပေတာဝန်များကို ထမ်းဆောင်ခဲ့သောကာလမှာ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ပထမပိုင်းကာလဖြစ်သည်။ ပထမပိုင်းကာလတွင် ထမ်းဆောင်ခဲ့ကြသောဥက္ကဋ္ဌအဆက်ဆက် ၁၃ ဦး၏ နာမည်မှတ်တမ်းများကို ရှာဖွေတွေ့ရှိခဲ့သော်လည်း အတွင်းရေးမှူးအဆက်ဆက်၏နာမည်မှတ်တမ်းအပြည့်အစုံကိုကား မတွေ့ရှိသေးပေ။

သို့သော် မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၁၉၅၇-၁၉၅၈ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၁၉၆၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာများတွင် ဆရာအောင်လင်းသည် အသင်း၏အမှုဆောင်ကော်မတီဝင်အဖြစ် တောက်လျှောက် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ အသင်း၏စာပေလှုပ်ရှားမှုများတွင် စဉ်ဆက်မပြတ် အကျိုးဆောင်ပေးခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့ကြသည်။

အထူးသဖြင့် စာရေးဆရာအသင်း၏ ၁၉၅၇-၁၉၅၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာထဲတွင် **"၁၉၅၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်"** တစ်ခန်းရပ်ပြဇာတ်ကို အသင်းကြီးကိုယ်စား ဆရာအောင်လင်းက စီစဉ်ညွှန်ကြားတင်ဆက်ခဲ့ရာ အောင်မြင်ခဲ့သဖြင့် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ထားသည်။ မှတ်တမ်းတင်ထားရာတွင် "စာရေးဆရာဘဝသရုပ်ဖော်ပုံနှင့်စိတ်ကူးယဉ်စာပေများကို ရှုတ်ချပုံမှာ ပေါ်လွင်ပီပြင်ကြောင်း၊ ဤသို့သော တစ်ခန်းရပ်ပြဇာတ်မျိုး ဤတိုင်းပြည်တွင် ကပြရန်ခက်ခဲလှကြောင်း၊ ဤသို့ခက်ခဲသောပြဇာတ်ကို စင်တင်နိုင်ပြီး အောင်မြင်အောင်ကပြနိုင်ခဲ့သဖြင့် ဝမ်းမြောက်ရကြောင်း" ထူးထူးခြားခြား အလေးထားဖော်ပြထားသည်။

၁၉၅၂ ခုနှစ် မေ ၁၁ ရက်က ကျင်းပခဲ့သော **"ကလောင်သစ်ညီလာခံ"**တွင် ဆရာအောင်လင်းသည် စာရေးဆရာအသင်း **"အထွေထွေအတွင်းရေးမှူး"** တာဝန်ဖြင့် **"ကလောင်သစ်ပညာရေး"**ကဏ္ဍကို ဟောပြောခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ် ဇွန်လထုတ် **"စာပေသစ်မဂ္ဂဇင်း"**စာမျက်နှာ-၇၄၊ ၇၅၊ ၇၆ တို့တွင် ဖော်ပြထားရာ ဆရာအောင်လင်းသည် စာရေးဆရာအသင်း အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့ကြောင်း ခိုင်မာသောသက်သေဖြစ်သည်။

ဤနေရာတွင် အဓိကထားမျှဝေပေးချင်သည်မှာ ဆရာအောင်လင်း၏ **"ကလောင်သစ်ပညာရေး"** ဟောပြောချက်အယူအဆများပင်ဖြစ်သည်။ ထိုကလောင်သစ်ပညာရေးဟောပြောချက်များမှာ စာရေးခါစကလောင်သစ်များနှင့် ဝါရင့်သမ္ဘာရင့် စာရေးဆရာကြီး၊ ငယ်အသွယ်သွယ်တို့အတွက် အလေးအနက်ထား စဉ်းစားဆင်ခြင်၊ ရှောင်ကြဉ်ဖွယ်ရာများနှင့် လိုက်နာကျင့်သုံးကြရမည့် မှတ်သားနာယူဖွယ်ရာများ ပါရှိနေလေရာ ဆရာအောင်လင်းကို တမ်းတ၊ အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် ဟောပြောချက်များထဲမှကောက်နုတ်၍ မျှဝေပေးလိုသည်။

ကလောင်သစ်ဆိုတော့ အပျံ့သင်ခါစ ကလောင်သမားလေးတွေပဲလို့ စာပေလောကမှာ တစ်စိတ်တစ်ပိုင်းက ဒီလိုထင်မှတ်နေကြတယ်။ ဒါကို ကျွန်တော်က မငြင်းလိုပါဘူး။ ကလောင်သစ်ဆိုတာ စာပေနယ်မှာ ဝင်ရောက်လာကြတဲ့ လူသစ်၊ စာရေးဆရာသစ်တွေလို့လဲ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီအချက်ကို ဖြည့်စွက်ချင်ပါတယ်။ **ပထမအဆင့်**မှာ ကလောင်သစ်ဆိုတာ စာရေးဆရာသစ်တွေလို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ ဒါနဲ့တင်မရပ်သေးဘူး၊ မကုန်ဆုံးသေးဘူး။ ကလောင်သစ်ဆိုတာ ခုဝင်လာစမှာလဲ သစ်တယ်၊ နောင်လဲသစ်အုံးမယ်လို့လဲ အဓိပ္ပာယ်ကျန်သေးတယ်။ ဥပမာ-ခုရှိနေတဲ့စာရေးဆရာကြီးတွေကကော စာရေးခါစက ကလောင်သစ်ပဲမဟုတ်လား။ ဒါဟာ ငြင်းနေစရာမလိုဘူး။ သူတို့လဲ ရေးစတုန်းကအသစ်တွေပဲ။ ကောင်းပြီ ခုကြာတော့ ဟောင်းသွားပြီလား။ အဲဒီမေးခွန်းဟာ အလိုလိုပေါ်နေတယ်။ အသစ်ရှိရင် အဟောင်းရှိရမယ်လေ။ ဒီအမေးနဲ့ အဖြေကတော့ ဟောင်းတဲ့ စာရေးဆရာတွေလဲရှိတယ်။ သေသွားသည့်တိုင်အောင် မဟောင်းသေးတဲ့ စာရေးဆရာတွေလဲ ရှိတယ်။ အခုစာပေလောကမှာ အင်နဲ့အားနဲ့တစ်စုတည်း တစ်စည်းတည်းပေါ်လာကြတဲ့ ကလောင်သစ်တွေဟာ နောက်ကြာရင် ဟောင်းသွားမှာလား။ စာပေဂန္ထဝင်တစ်လျှောက်လုံးမှာ ဘယ်တော့မှမဟောင်းဘဲ သစ်နေသင့်ပါတယ်။ ဒီနေရာမှာအဓိပ္ပာယ်ချင်းကွဲသွားပြီနော်။ ပထမပြောခဲ့တဲ့ စာရေးဆရာအသစ်၊ အရေးသင်စကလောင်အသစ်ဆိုတဲ့အဓိပ္ပာယ်နဲ့ **ဒုတိယ** ကလောင်သစ်အဓိပ္ပာယ်ဟာ လုံးဝခြားနားသွားပြီ။ အရည်အချင်းချင်းလဲမတူဘူး။ ဒုတိယလို့ဆိုတဲ့ ကလောင်သစ်ကတော့ စာပေဂန္ထဝင်မှာ ဘယ်တော့မှမဟောင်းဘဲ ထွန်းတောက်သစ်လွင်တဲ့ အဓိပ္ပာယ်ကို ဆောင်နေတယ်။ ဒီတော့ အခုမျက်မှောက်စာပေလောကမှာယူဆနေကြတဲ့ ကလောင်သစ်ရဲ့အဓိပ္ပာယ်ကို ကျွန်တော်က အနာဂတ်စာပေလောကမှာ ထွန်းပြောင်စေလိုတဲ့ဆန္ဒနဲ့ အခုလို အဓိပ္ပာယ်ဖြည့်စွက်ပေးလိုက်ပါတယ်။

❖ ကလောင်သစ်ဆိုတော့ အပျံ့သင်ခါစကလောင်သမားလေးတွေပဲလို့ စာပေလောကမှာ တစ်စိတ်တစ်ပိုင်းက ဒီလိုထင်မှတ်နေကြတယ်။ ဒါကို ကျွန်တော်က မငြင်းလိုပါဘူး။ ကလောင်သစ်ဆိုတာ စာပေနယ်မှာ ဝင်ရောက်လာကြတဲ့ လူသစ်၊ စာရေးဆရာသစ်တွေလို့လဲ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က ဒီအချက်ကိုဖြည့်စွက်ချင်ပါတယ်။ ပထမအဆင့်မှာ ကလောင်သစ်ဆိုတာ စာရေးဆရာသစ်တွေလို့ အဓိပ္ပာယ်ရပါတယ်။ ဒါပေမဲ့ ဒါနဲ့တင်မရပ်သေးဘူး၊ မကုန်ဆုံးသေးဘူး။ ကလောင်သစ်ဆိုတာ ခုဝင်လာစမှာလဲ သစ်တယ်၊ နောင်လဲသစ်အုံးမယ်လို့လဲ အဓိပ္ပာယ်ကျန်သေးတယ်။ ❖

ဒီတော့ ခုပြောပြတဲ့အဆင့်ကို ရောက်လာအောင် အောက်ပါအချက်သုံးချက်ဟာ အဓိက လိုအပ်နေတာကို တွေ့ရတယ်။ ပထမအချက်ကတော့ ကလောင်ကိုကိုင်လိုသော **စာပေသမားတစ်ယောက်ဟာ ဘဝနှင့်ပတ်သက်ပြီး ကြွယ်ဝတဲ့ဗဟုသုတရှိရမယ်၊ ခေတ်နှင့်အတူ တက်လှမ်းနိုင်ရမယ်။** ဆိုလိုတာကတော့ လူ့ဘဝမှာဖြစ်ပျက်နေတဲ့ အကြောင်းခြင်းရာတွေကို အတွေ့အကြုံအားဖြင့် ကြွယ်ဝစေရမယ်။ ဘာကြောင့်လဲဆိုတော့ **ဒီဘဝအတွေ့အကြုံတွေဟာ စာပေရဲ့ကုန်ကြမ်းတွေဖြစ်လို့ပဲ၊ စာပေဆိုတာ အနုပညာကုန်ချောပစ္စည်းပဲ။** ကုန်ကြမ်းမရှိရင်ကုန်ချောမထုတ်နိုင်ဘူး။ ဒါကြောင့် ရေးဖော်ကလောင်သစ်တွေဟာ စာပေအနုပညာပစ္စည်းတွေထုတ်လုပ်မယ့် စာပေလုပ်သားကလေးတစ်ဦးဖြစ်လိုရင်၊ စာရေးဆရာတစ်ယောက်ဖြစ်လိုရင် ရှေးဦးစွာ ဘဝအတွေ့အကြုံအားဖြင့် ကြွယ်ဝပေါ်များပါစေ။ ဒါမှသာ စာပေကုန်ချောပစ္စည်းတွေကို ထုတ်လုပ်နိုင်မယ်။ တကယ့်ဘဝကိုပေါက်ဖွားလာတဲ့ စာရေးဆရာကောင်းတစ်ယောက်ဖြစ်လာနိုင်မယ်။ ဘယ်တော့မှမဟောင်းတဲ့ ကလောင်သစ်၊ စာပေသစ် စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်မယ်။

ဒုတိယအချက်ကတော့ **မိမိရေးမဲ့စာပေရဲ့ရည်ရွယ်ချက်ကို နားလည်ထားရမယ်။** ပြတ်ပြတ်သားသားလဲ သဘောပေါက်ထားရမယ်။ ဆိုလိုချက်က စာဘာကြောင့်ရေးသလဲ၊ ဘယ်သူ့အတွက် ရေးသလဲဆိုတာကို အဖြေရှိနှင့်ထားရမယ်။ မိမိရဲ့ချစ်သူက စိမ်းကားသွားလို့ လွမ်းဆွေးပြီး စိတ်အယားဖြေတာဟာ စာရေးခြင်းရဲ့ရည်ရွယ်ချက်ပဲလို့ ပြောလို့ရမလား၊ ရောမလန်ဘားကြီးတွေရေးပြီး ကိုယ့်အစုကလေးလောက်သာ နားလည်ကျေနပ်နေခြင်းဟာလဲ ပြည့်စုံပြီလို့ဆိုနိုင်ပါ့မလား။ တွေ့ကရာရှစ်သောင်းတွေလျှောက်ရေး၊ စာဖြစ်ပြီးရောဆိုပြီး စွံတဲ့ဟာ စွံ၊ မစွံတဲ့ဟာ မစွံ၊ ဒီလိုနဲ့ ကျေနပ်ကြမလား။ ပိုက်ဆံရပြီးရောဆိုပြီး လူကြိုက်အောင်စွတ်ရေးနေတာလဲ စာရေးဆရာရဲ့ ရည်ရွယ်ချက်မြောက်ရောလား။

ဒါတွေအားလုံးဟာ သဘောနဲ့လုပ်နည်းကိုင်နည်းမှာလွဲပြီး စာရေးဆရာရဲ့တာဝန်ကို ချိုးဖျက်ရာမှာတော့ အတူတူချည်းပါပဲ။ ဒီတော့ ကျွန်တော်တို့ဟာ တကယ့်စာဖတ်သူတွေက ယုံကြည်ကိုးစားထိုက်တဲ့ စာရေးဆရာကောင်းတစ်ယောက်ဖြစ်ဖို့ ရှေးဦးစွာ သူတို့အပေါ်မှာ မွန်မြတ်တဲ့စေတနာတွေထားရှိရမယ်၊ မှန်ကန်တဲ့ရည်ရွယ်ချက်တွေရှိရမယ်။ ကျွန်တော်တို့ရေးတဲ့စာပေတွေအတွက် စာဖတ်သူမှာ အကျိုးခံစားခွင့်ရှိပါစေ။ စာဖတ်သူရဲ့အကျိုးစီးပွားကိုဆောင်ယူဖို့ အဓိကတာဝန်အဖြစ်ရှိပါစေ။ စာရေးဆရာဆိုတာ ဆေးဆရာဝန်တို့ထက် မနိမ့်တဲ့တာဝန်တွေကို ထမ်းဆောင်နေရတယ်ဆိုတာ နားလည်ထားရမယ်။ ဆရာဝန်ဟာ ဆေးမှားရင်အဆိပ်ဖြစ်သလို စာရေးဆရာရဲ့စာပေဟာလည်း မှောက်မှားရင် စာဖတ်သူရဲ့အသိဉာဏ်ထဲမှာ အဆိပ်အတောက်ဖြစ်စေတယ်။ ဆရာဝန်ဟာ ခန္ဓာကိုယ်မှာရှိတဲ့ရောဂါပိုးကိုသတ်ပြီး လူနာကို ကျန်းမာသန်စွမ်းအောင်ကုရသလို စာရေးဆရာဟာ လူတွေရဲ့အသိဉာဏ်မှာ စွဲနေတဲ့ ရောဂါပိုးကို နှိမ်နင်းချေဖျက်ပြီး စာဖတ်သူတွေရဲ့အသိဉာဏ်ဖွံ့ဖြိုးမှုရအောင် ရေးသားပြုစုရတာပဲ။ ဒါကြောင့် ကျွန်တော်တို့ဟာ စာဖတ်သူတွေရဲ့ယုံကြည်ကိုးစားမှုကို ခံယူရရှိနိုင်အောင် အထက်ပါရည်ရွယ်ချက်မျိုးကိုလည်း ရှိရဦးမယ်။

**တတိယ**အချက်ကတော့ **စာအရေးအသားဟန်**နဲ့ ပတ်သက်ပြီးလည်း စာရေးဆရာတစ်ယောက်ဖြစ်ဖို့အတွက် လိုအပ်တဲ့အချက်တစ်ခုပဲ။ ခုတင်ကပြောခဲ့တဲ့ အချက်နှစ်ချက်ကို မြောက်ဖို့က အရေးအသားပိုင်းမှာလည်း လာပြီးလိုလိမ့်ဦးမယ်။ **စာရေးဆရာဆိုတာလည်း ယဉ်ကျေးမှုအလုပ်သမားပဲ။** ဒီတော့ ပန်းရန်၊ ပန်းပု၊ ပန်းချီဆရာတွေလို လက်ရာကောင်းအောင်လည်း ကြိုးစားရမယ်။ စိတ်မပျက်တမ်း တကယ့်ဇွဲနဲ့ အရေး

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# မေတ္တာစည်းနဲ့ ဝန်းရံပါ

- နယ်နိမိတ်ကို ပိုင်းကာခြား
စည်းတားလို့ သတ်မှတ်ပေ
လိုက်နာတတ်စေ၊
သူ့ဘက်လည်း ကျူးမနေ
ကိုယ့်ဘက်လေ မကျော်ရေး၊
အသိယှဉ် ဆင်ခြင်တတ်ဖို့
မြင့်မြတ်စိတ်မွေး။

- စည်းကျော်ကာ ပြောဆိုတွေးလို့
ပြုမူရေး ကြံပါလျှင်
ကောင်းကျိုးမထင်၊
ပဋိပက္ခ စိတ်အသွင်
နိမိတ်မြင် ပုံရိပ်ညှိုး၊
"အေးအတူ ပူအမျှ"သည်
လုံးဝကွယ်လျှိုး။

- ရန်သူနှယ် မုန်းမာန်ငြိုးနဲ့
ရန်းကန်ထိုး ပြုမူပြန်
ဆိုးယုတ်သဏ္ဍာန်၊
တစ်ဘဝ ခါတစ်ရံ
ကြမ္မာဟန် မလွတ်ကင်း၊
သံသရာ နယ်အဆုံးထိ
ရှုံးရချစ်ခြင်း။

- အပြန်လှန် နှလုံးသွင်းလို့
"ညှိနှိုင်းခြင်း"အဖြေရှာ
နားလည်တတ်စွာ၊
"မေတ္တာ"ဖြင့် သည်းခံကာ
နည်းမှန်စွာ ဖြေလျှော့ပေး၊
တူနှစ်ကိုယ် စည်းအတွင်းမှာ
နေခြင်းသာ စပ်းတမျှသို့
ချမ်းမြလို့အေး။ ။

**စန်းထက်(ဖန်ခါးမြေ)**

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၈၂၉၇ ဧက စိုက်ပျိုးပြီးစီး

**သာပေါင်း နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၈၂၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၆၈၂၉၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၁ ရက်တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများက ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ အခုနှစ် မိုးစပါးကို ၆၈၂၉၇ ဧကလျာထားစိုက်ပျိုးခဲ့တယ်။ လက်ရှိမှာ မိုးစပါးလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနှစ် မိုးစပါးစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေကို နည်းပညာနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်စီမံဆောင်ရွက်ခဲ့ပါတယ်။ မိုးစပါးအတွက် မျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့ နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးပြီးသည့် မိုးစပါးများကို ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး၊ ရွှေခရုဖျက်ဆီးမှု မရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးစပါးကို အောင်တက်၊ လှေကြီးတက်၊ ဝဇန်ဒေါင့်ကြီး၊ ရွှေတောင်ကြီးကုန်း၊ ဇီးဖြူကွင်း၊ ငှက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ကွင်းကောက် စသည့်ကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

အသားတိုးတက်မှုကို ကြိုးစားရမယ်။ စာအရေးအသားတိုးတက်မှုဟာ အမှန်တော့ အားကျင့်သလိုပါပဲ။ ကြွက်သားလေ့ကျင့်ခန်းလိုပဲ အလေ့အကျင့်လည်းလိုတယ်၊ စနစ်ကျဖို့လည်းလိုတယ်။ ဆိုလိုတာကလေ့ကျင့်မှုမရှိဘဲ စနစ်မကျရင် တကယ်တမ်းတိုးတက်မှုကို မရနိုင်ဘူး။ ကာယဗလသမားတစ်ယောက်ဟာ အောက်ပိုင်းတောင့်ရက်သားနဲ့ အောက်ပိုင်းလေ့ကျင့်ခန်းပဲဆက်လုပ်နေရင် နောက်ကျတော့ ဂင်တိုတိုဖြစ်လာမယ်။ အချိုးအစားမမျှဘဲ ဖြစ်လာမယ်။ မိမိလိုတဲ့ဘက်ကို လေ့ကျင့်ပေးရင် နောက် တဖြည်းဖြည်းမျှပြီး ကောင်းလာမှာပဲ။ ဥပမာ-အဖွဲ့အနွဲ့ကောင်းတဲ့ စာရေးဆရာတစ်ယောက်ဟာ နင်းကန်ဖွဲ့နွဲ့နေရင် နောက်တော့ ဘာမှမသိအောင်ရှုပ်ထွေးပြီး လုံးလည်လိုက်သွားမှာပဲ။ ဒါကြောင့် အရေးအသားဟန်မှာလည်း မိမိလိုတဲ့နေရာကိုလေ့ကျင့်ပြင်ဆင်ခြင်းအားဖြင့် တိုးတက်လာဖို့လိုတယ်။ နောက်ပြီး ရေးဟန်ရေးနည်းနဲ့ပတ်သက်ပြီး အတွေးမခေါင်ကြပါနဲ့။ ကြီးကြီးကျယ်ကျယ်တွေ လှမ်းတွေးမနေပါနဲ့။ စာပေဟန်ဆိုတာ စာဖတ်သူနဲ့ ဆက်သွယ်ရေးပေါင်းကူးတံတားပါပဲ။ စာဖတ်သူက တွေ့ထိနိုင်ရမယ်။ နားလည်နိုင်ရမယ်။ စာဖတ်သူကို ဩဇာညောင်းစေရမယ်။ ဆွဲဆောင်နိုင်ရမယ်။ ဒါဟာ စာပေဟန်ရဲ့ သဘောပဲ။

**အတွေ့အကြုံတွေကြွယ်ဝစေ့ပေမယ့် ဒီအတွေ့အကြုံတွေကို ဖောက်သည်ချရာမှာ ရည်ရွယ်ချက်မမှန်ရင်၊ စေတနာမသန့်ရင် အလကားပဲ။ အတွေ့အကြုံလည်းချမ်းသာ၊ ရည်ရွယ်ချက်လည်းမှန် ဒါပေမဲ့ရေးသားရာမှာ စာဖတ်သူတွေနဲ့ မဟပ်မိ၊ မပေါင်းစပ်မိရင်လည်း အလကားပဲ။ ရည်ရွယ်ချက်လည်းမှန် အရေးအသားလည်းကောင်းပြီး အတွေ့အကြုံအရ ခေါင်းပါးနေလို့ရှိရင် ဘိုင်ကျေတ်က ခိုးချ၊ နိုင်ငံခြားစာပေတွေက ခိုးချနေရတဲ့ စာပေသမားတွေဖြစ်သွားမှာပဲ။** အရေးအသားမှာကောင်းပြီး အတွေ့အကြုံအရ ခေါင်းပါးနေလို့ ဒီတစ်ပတ်တော့ဗျာ ဘာရေးရမယ်မသိပါဘူးလို့ စာရေးဖို့စိတ်ညစ်နေရတဲ့ စာရေးဆရာတွေလိုလည်း မဖြစ်ကြဖို့လိုပါတယ်။ အတွေ့အကြုံမှန်ပြီး ရည်ရွယ်ချက်မမှန်လို့ ဖြစ်ကတတ်ဆန်းစာပေတွေရေးနေကြတဲ့ စာရေးဆရာတွေလိုလည်း မဖြစ်ကြဖို့လိုအပ်တယ်။ အဲဒီလိုပဲ ရေးနည်းသားနည်းမှာမကျွမ်းကျင်လို့ စာမရေးတဲ့စာရေး ဆရာလည်း မဖြစ်ကြပါစေနဲ့။

**အတွေ့အကြုံလည်းကြွယ်ဝအောင် ဘဝမှာရှာဆောင်းကြပါ။ ရည်ရွယ်ချက်ကောင်း၊ စိတ်ကောင်းစေတနာကောင်းလည်းထားကြပါ။ အရေးအသားစာပေဟန်မှာလည်း တိုးတက်ရင့်သန်အောင်ကြိုးစားကြပါ။** အခုကလောင်သစ်တွေထဲက ဒီအချက်တွေနဲ့ပြည့်စုံအောင် ကြိုးစားကြမယ်၊ ပြည့်စုံလာကြမယ်ဆိုရင် လာမယ့်အနာဂတ်စာပေမှာ ကလောင်သစ်တွေဟာ တကယ့်စာပေသူရဲကောင်းတွေအဖြစ် မားမားမတ်မတ်ပေါက်လာကြမယ်။ အနာဂတ်စာပေဟာလည်း ဖွံ့ဖြိုးဝေဆာတဲ့ အမျိုးသားစာပေတစ်ရပ်အဖြစ် ထွန်းပြောင်လာမယ်ဆိုတာ ကျွန်တော်သံသယကင်းရှင်းစွာ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီနေ့ကလောင်သစ်တွေကို တစ်စုတစ်စည်းနဲ့ ထက်ထက်သန်သန်တွေ့မြင်ရခြင်းဟာ ဆန်းသစ်လာမယ့်စာပေအတွက် မင်္ဂလာနိမိတ်ကြီးတစ်ရပ်ဖြစ်တယ်ဆိုတဲ့ မင်္ဂလာစကားနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။

**အောင်လင်း**
**အတွေထွေအတွင်းရေးမှူး**
**စာရေးဆရာအသင်း**

ဆရာအောင်လင်း၏ကလောင်သစ်အယူအဆများသည် ကျွန်တော်တို့စာရေးဆရာအသင်းက နှစ်စဉ်ဖွင့်လှစ်ပို့ချနေခဲ့သော "**စာရေးနည်းအခြေခံသင်တန်းများ**"နှင့် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ဖွင့်လှစ်ပို့ချခဲ့သော "**စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်ထုတ်ဝေမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ**"တွင် ကျွန်တော်ကိုယ်တိုင် ပါဝင်ပို့ချခဲ့တိုင်း လက်ကိုင်လမ်းညွှန်အဖြစ် ခံယူမျှဝေပို့ချပေးနေခဲ့သည်။ ဆရာသော်တာဆွေ၏ "**သင် စာရေးဆရာ ဖြစ်ချင်သလား**"အယူအဆလည်း အပါအဝင်ဖြစ်သည်။ **(ဆရာသော်တာဆွေ၏ သင် စာရေးဆရာ ဖြစ်ချင်သလား)** အကြောင်းကို ဆက်လက်ရေးသားပါဦးမည်။

ဆရာအောင်လင်း၏ ကလောင်သစ်အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အတွေးအခေါ် အယူအဆများသည် ယနေ့ထိ သစ်လွင်ခေတ်မီနေဆဲပင်။ စာပေရေးသားရန်ကြံရွယ်နေကြသူများ၊ ယနေ့ခေတ်စားနေကြသော စာအုပ်မိတ်ဆက်ပွဲကျင်းပနေကြသည့် ကလောင်သစ်များနှင့် စာရေးဆရာကြီး၊ ငယ်များ အပါအဝင် စာပေလောကအတွက် အလွန်ပင်အကျိုးပြုနိုင်စွမ်းရှိလှပေသည်။ အလေးအနက်ထားပြီးစဉ်းစားလေလေ တန်ဖိုးရှိလေလေပင်။

အချုပ်ဆိုရလျှင် စာပေအကျိုး၊ အနုပညာအကျိုးကို တစိုက်မတ်မတ် စဉ်ဆက်မပြတ် တာဝန်ကျေပွန်စွာအကျိုးဆောင်ပေးခဲ့သော ဂန္ထဝင်စာပေပညာရှင်ကြီး ဆရာအောင်လင်းသည် လူသာ သေဆုံးကွယ်လွန်သွားခဲ့သော်လည်း သူ့အမည်၊ သူ့လက်ရာ ဂန္ထဝင်စာပေများသည် သူ့ကလောင်သစ်အယူအဆနှင့်အညီ စာပေလောကသားများ၏ နှလုံးသားထဲတွင် မည်သည့်အခါမျှ ဟောင်းနွမ်းဆွေးမြည့်ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ထာဝစဉ်ရှင်သန်သစ်လွင် တောက်ပတည်တံ့နေမည်သာတည်း။

# နိုင်ငံတကာ သတင်းများ

## နျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေးစာချုပ် အတည်ပြုထားမှု ပယ်ဖျက်ရေးဥပဒေကြမ်း ရုရှားသမ္မတပူတင် လက်မှတ်ရေးထိုး



**မော်စကို နိုဝင်ဘာ ၂**

နိုင်ငံတကာ နျူကလီးယား စမ်းသပ်မှုပိတ်ပင်ရေးသဘောတူညီချက်အတည်ပြုထားမှု ပြန်လည်ပယ်ဖျက်ရေးဥပဒေကြမ်းကို ရုရှားသမ္မတပူတင်က ယနေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံတကာနျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေးစာချုပ် (စီအင်န်တီဘီတီ)အတည်ပြုထားမှု ပြန်လည်ပယ်ဖျက်ရေးဥပဒေကြမ်းကို ရုရှားအထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်တို့က အတည်ပြုခဲ့ပြီးနောက်သမ္မတပူတင်က ဥပဒေအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်သည်။

စီအင်န်တီဘီတီစာချုပ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏ ရပ်တည်ချက်နှင့် ရပ်တည်မှုချင်းညီယူရန် စီအင်န်တီဘီတီစာချုပ်အတည်ပြုထားမှုကို ပြန်လည်ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ၁၉၉၆ ခုနှစ်တွင်ရယူခဲ့သော စီအင်န်တီဘီတီစာချုပ်ကို လက်မှတ်ရေးထိုးထားသော်လည်း တရားဝင်အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါစာချုပ်အတည်ပြုထားမှုကိုပယ်ဖျက်ထားသော်လည်း အမေရိကန်နိုင်ငံက နျူကလီးယားစမ်းသပ်မှုမပြုလုပ်သမျှ ရုရှားနိုင်ငံအနေဖြင့်လည်း နျူကလီးယားစမ်းသပ်မှုပြုလုပ်မည်မဟုတ်ကြောင်း ရုရှားနိုင်ငံက ပြောကြားထားသည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက်ပိုင်းမှစ၍ ယနေ့ထိ ရုရှားနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဖူကူရှီးမားရေဆိုးများ တတိယအကြိမ် စွန့်ထုတ်မှု ဂျပန်နိုင်ငံစတင်

**တိုကျို နိုဝင်ဘာ ၂**

ဖူကူရှီးမား နျူကလီးယား စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပြန်လည်သန့်စင်ထားသော ရေဒီယိုသတ္တိကြွရေဆိုးများတတိယအကြိမ်အဖြစ် ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ထုတ်မှုကို ဂျပန်နိုင်ငံက ယနေ့တွင် စတင်ခဲ့သည်။

ဖူကူရှီးမား နျူကလီးယားစက်ရုံတာဝန်ရှိသူများသည် ယခုပြုလုပ်ခဲ့သော ရေဆိုးစွန့်ထုတ်မှုနှစ်ခုတွင် ရေဆိုးပမာဏတန်ချိန် ၇၈၀၀ ထိ စွန့်ထုတ်ခဲ့ပြီးဖြစ်သည်။

တတိယအကြိမ် ရေဆိုးစွန့်ထုတ်မှုကို နိုဝင်ဘာ ၂၀ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး ရေဆိုးတန်ချိန် ၇၈၀၀ တန်လောက်ကိုပင် စွန့်ထုတ်ရန် စီစဉ်ထားကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောကြားထားသည်။

အဆိုပါရေဆိုးများသည် ၂၀၁၁ ခုနှစ်မြေငလျင်နှင့်ဆူနာမီကပ်ဘေးကြောင့် အတွင်းပိုင်းအပူလွန်ကဲမှုဖြစ်ခဲ့ရသည့် ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုများကို အအေးဓာတ်ပေးရာတွင် အသုံးပြုခဲ့သောရေများဖြစ်ကြသည်။

ဖူကူရှီးမား နျူကလီးယား စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်ပေါင်းဖိုများအအေးခံရာတွင် အသုံးပြုခဲ့သည့် ရေဆိုးတန်ချိန် ၁ ဒသမ ၃၄ သန်းကို သံသိုလှောင်ကန်ကြီး ၁၀၀၀ ခန့်ဖြင့် သိုလှောင်ထားသည်။

ဂျပန်နိုင်ငံက ဖူကူရှီးမားရေဆိုးများ ပစိဖိတ်သမုဒ္ဒရာအတွင်းစွန့်ထုတ်မှုကို ဒေသတွင်းအိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံက အပြင်းအထန်ကန့်ကွက်ရှုတ်ချထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ကွယ်လွန်သူတရုတ်ဝန်ကြီးချုပ်ဟောင်း လီကားချန့်ရုပ်ကလာပ်ကို မီးသဂြိုဟ်မှုပြုလုပ် အထင်ကရနေရာများ၌ အမျိုးသားအလံများတိုင်ဝက်လျှော့ချလွှင့်ထူဂုဏ်ပြု

**ပေကျင်း နိုဝင်ဘာ ၂**

တရုတ်နိုင်ငံသည် ကွယ်လွန်သူဝန်ကြီးချုပ်ဟောင်း လီကားချန့်၏ ရုပ်ကလာပ်ကို ယနေ့တွင်မီးသဂြိုဟ်ခဲ့ပြီး တိန့်အန်မင်ရင်ပြင်အပါအဝင် အထင်ကရနေရာများ၌ အမျိုးသားအလံများ တိုင်ဝက်လျှော့ချလွှင့်ထူ၍ ဝန်ကြီးချုပ်ဟောင်းကို ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

တရုတ်ထိပ်တန်းခေါင်းဆောင်များ၊ အမျိုးသားသူရဲကောင်းများအား မြုပ်နှံသဂြိုဟ်ရာ နေရာတစ်ခုဖြစ်သည့်ပေကျင်းမြို့သုသာန်တစ်ခု၌ ဝန်ကြီးချုပ်ဟောင်း လီကားချန့်၏ ဈာပနအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါဈာပနအခမ်းအနားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ဒုတိယသမ္မတ ဟန်ကျန်းနှင့် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ခြောက်ဦးတို့တက်ရောက်ခဲ့ကြပြီး ဝန်ကြီးချုပ်ဟောင်းလီကားချန့်ကို နောက်ဆုံးအကြိမ် ဦးညွှတ်အလေးပြုခဲ့ကြသည်။

ထို့နည်းတူ တရုတ်ပြည်သူများကလည်း ဝန်ကြီးချုပ်ဟောင်းလီကားချန့်အတွက်ရင်းတို့၏ဝမ်းနည်းမှုကို လူမှုမီဒီယာစာမျက်နှာများထက်တွင် ရေးသားဖော်ပြခဲ့ကြသည်။

တရုတ်ဝန်ကြီးချုပ် ရာထူးကို ၁၀ နှစ်ကြာတာဝန်ယူခဲ့ပြီး ယခုနှစ်မတ်လတွင် တာဝန်မှအနားယူခဲ့သော လီကားချန့်သည် ရှန်ဟိုင်းမြို့၌ အနားယူနေစဉ် အောက်တိုဘာ ၂၇ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း လီကားချန့်သည် ကွယ်လွန်ချိန်တွင် အသက် ၆၈ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အဓိကလေဆိပ်နှင့် ဆိပ်ကမ်းများလုံခြုံရေး ဘာရာဇီးလက်နက်ကိုင်တပ်များ တာဝန်ယူမည်

**ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၂**

ဘာရာဇီးနိုင်ငံ၏ အရေးအကြီးဆုံးလေဆိပ်များ၊ ဆိပ်ကမ်းများအနက် အချို့တို့၏လုံခြုံရေးကို ထိန်းသိမ်းပေးရန် ဘာရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက နိုဝင်ဘာ ၁ ရက်တွင် ဘာရာဇီးစစ်ဘက်ကို တာဝန်ပေးခဲ့ကြောင်း သိရသည်။

ရာဇဝတ်ဂိုဏ်းများ ထကြွနေမှုကိုနှိမ်နင်းရန် ကြိုးစားသည့်အနေဖြင့် အရေးကြီးသောလေဆိပ်နှင့် ဆိပ်ကမ်းအချို့လုံခြုံရေးကို ဘာရာဇီးသမ္မတက လက်နက်ကိုင်တပ်များ လက်ဝယ်သို့ ယာယီလွှဲပေးခဲ့ခြင်းဖြစ်သည်။

သမ္မတ လူလာဒါဆေးလ်ဗား၏ တာဝန်ပေးချက်အရ ဘာရာဇီးလက်နက်ကိုင် တပ်များသည် ဆော်ပေါ်လိုမြို့ ဆန်းတို့စ်ဆိပ်ကမ်းနှင့် ဂွါရောလ်ဟော့စ်လေဆိပ်တို့၏ လုံခြုံရေးကို တာဝန်ယူမည်ဖြစ်သည်။

ထို့ပြင် ရီယိုဒီဂျနေရိုးပြည်နယ် အီတာဂွါအီလေဆိပ်နှင့် ဂါလီယာအိုလေဆိပ်တို့၏ လုံခြုံရေးတာဝန်များကိုလည်း ဘာရာဇီးလက်နက်ကိုင်တပ်များက တာဝန်ယူမည်ဖြစ်သည်။

အဆိုပါလေဆိပ်နှင့် ဆိပ်ကမ်းများလုံခြုံရေးအတွက် ဘာရာဇီးစစ်ဘက်လက်နက်ကိုင်တပ်များက ဖက်ဒရယ် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းတာဝန်ယူမည်ဖြစ်ကြောင်း ဘာရာဇီးသမ္မတက ပြောကြားခဲ့သည်။

အဆိုပါလေဆိပ်နှင့် ဆိပ်ကမ်းများသည် ဥရောပသို့ကိုကင်းမူးယစ်ဆေးဝါးများပို့ဆောင်ရာတွင်အဓိကကြားခံစခန်းများ ဖြစ်လာခဲ့ပြီး ဘာရာဇီးနိုင်ငံတွင်းသို့ လက်နက်များဝင်ရောက်ရာ ဝင်ပေါက်လည်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဟူသီသူပုန်အုပ်စုတိုက်ခိုက်မှုကို တုံ့ပြန်ရေးအတွက် ဒုံးကျည်တင်သင်္ဘောများကို ပင်လယ်နီ၌ အစ္စရေးဖြန့်ကြက်

**ဂျေရုဆလင် နိုဝင်ဘာ ၂**

ယီမင်အခြေစိုက် ဟူသီသူပုန်များက အစ္စရေးနိုင်ငံကို တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးစစ်ဘက်သည် နိုဝင်ဘာ ၁ ရက်တွင် ဒုံးကျည်တင်အမြန် တိုက်ရေယာဉ်များကို ပင်လယ်နီဒေသသို့ စေလွှတ်ဖြန့်ကြက်ထားကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်နောက်ပိုင်းမှစ၍ အစ္စရေးနိုင်ငံကို မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုသုံးကြိမ်ပြုလုပ်ခဲ့ကြောင်း ဟူသီသူပုန်အုပ်စုက အောက်တိုဘာ ၃၁ ရက်တွင် ကြေညာထားသည်။



ထို့ပြင် ပါလက်စတိုင်းများ အောင်ပွဲခံရန် ကူညီသည့်အနေဖြင့် အစ္စရေးနိုင်ငံကို ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ဟူသီအုပ်စု ကြေညာချက်၌ ဖော်ပြထားသည်။

ဟူသီအုပ်စုက ပစ်လွှတ်ခဲ့သည့် မောင်းသူမဲ့လေယာဉ်များနှင့်ဒုံးကျည်များကို အစ္စရေးစစ်ဘက်က ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီးနောက် ဟူသီသူပုန်အုပ်စု တိုက်ခိုက်မှုများကို တုံ့ပြန်ရေးအတွက် ဒုံးကျည်တင် အမြန်စစ်ရေယာဉ်များကို ပင်လယ်နီဒေသ အီလက်ဆိပ်ကမ်းအနီး ဖြန့်ကြက်ထားကြောင်း အစ္စရေးစစ်ဘက်က ကြေညာထားသည်။

ဟူသီသူပုန်အုပ်စုသည် အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့ကိုဆန့်ကျင်သည့် အီရန်ကျောထောက်နောက်ခံပြု အရှေ့အလယ်ပိုင်းမဟာမိတ်အုပ်စုတွင် ပါဝင်သည့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်အတွင်း ကျောက်လွှာနယ်မြေအောက်ပိုင်းတွင် သီအာဂြိုဟ်၏ အကြွင်းအကျန်များ ရှိနေနိုင်



**ဝါရှင်တန် နိုဝင်ဘာ ၂**

ကမ္ဘာဂြိုဟ်အတွင်း ကျောက်လွှာနယ်မြေအောက်ပိုင်းတွင် သီအာအမည်ရှိ ဂြိုဟ်တစ်စင်း၏အကြွင်းအကျန်များရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ကမ္ဘာဂြိုဟ်အတွင်း ကျောက်လွှာအောက်ဘက်ပိုင်းရှိ ထူးဆန်းသောကျောက်သားပြင်နယ်မြေများသည် သီအာဂြိုဟ်၏ အကြွင်းအကျန်များ ဖြစ်နိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က ကမ္ဘာဂြိုဟ်ကို သီအာဂြိုဟ်ငယ်က ဝင်တိုက်ခဲ့ရာ ကမ္ဘာဂြိုဟ်၏ဂြိုဟ်ရံလ ပေါ်ထွက်လာခဲ့ရကြောင်း သိပ္ပံပညာရှင်များက လက်ခံယုံကြည်ထားသည်။

သို့ရာတွင် အထက်ပါဖြစ်စဉ်အတွင်း ဂြိုဟ်ရံလပေါ်ထွက်လာရုံသာမက သီအာဂြိုဟ်၏အစိတ်အပိုင်းများလည်း ကမ္ဘာဂြိုဟ်အတွင်း ကျောက်လွှာအောက်ပိုင်းသို့ တိုးဝင်လာခဲ့ကြကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေ အတွင်းဝတ်ဆံ၏ အထက်တွင်ရှိသော ထူးဆန်းသည့် ကျောက်လွှာပြင်များသည် သီအာဂြိုဟ်၏ အကြွင်းအကျန်များဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါ ကျောက်လွှာနယ်မြေများသည် ပတ်ပတ်လည်ဝန်းကျင်ရှိ အခြားကျောက်သားလွှာများထက် သိပ်သည်းဆ ပို၍မြင့်မားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## လူစီအာကာသယာဉ်က ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ ဖြတ်ကျော်ပျံသန်း

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ်သည် ဒင်ကင်နက်ရှ်အမည်ရှိ ဂြိုဟ်သိမ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာဖြတ်ကျော်ပျံသန်းခဲ့ကြောင်း နာဆာအဖွဲ့က နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အင်္ဂါဂြိုဟ်နှင့် ကြာသပဒေးဂြိုဟ်တို့ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်တစ်စင်းဖြစ်သော ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်သည် လူစီအာကာသယာဉ်ဝင်ရောက်မည့် ဂြိုဟ်သိမ် ၁၀ စင်းအနက် ပထမဆုံးဂြိုဟ်သိမ်ဖြစ်သည်။

လူစီ အာကာသယာဉ်သည် ကြာသပဒေးဂြိုဟ် နေပတ်လမ်း အတွင်းရှိ ထရိုဂျင်ဂြိုဟ်သိမ်များ ခေါ် ထူးဆန်းသည့်ဂြိုဟ်သိမ်များကို လေ့လာရန်ရည်ရွယ်၍ လွှတ်တင်ထားသည့် အာကာသယာဉ် ဖြစ်ကြောင်း သိရသည်။



ထရိုဂျင်ဂြိုဟ်သိမ်များဆီသို့ ပျံသန်းနေစဉ်အတွင်း လူစီအာကာသယာဉ်သည် ဒင်ကင်နက်ရှ်ကဲ့သို့ မနီးမဝေးရှိ ဂြိုဟ်သိမ်တချို့ကိုပါ အနီးကပ်ဖြတ်ကျော် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ပြီးနောက် ဒေါ်နယ်ဂျိုဟန်ဆင်အမည်ရှိ ဂြိုဟ်သိမ်ကို ဆက်လက်ဖြတ်ကျော်မည်ဖြစ်သည်။

လူစီအာကာသယာဉ်သည် နိုဝင်ဘာ ၁ ရက်က ဒင်ကင်နက်ရှ်ဂြိုဟ်သိမ်ကို အနီးကပ်ဖြတ်ကျော်ခဲ့ခြင်းဖြစ်ကြောင်း နာဆာက အတည်ပြုထားသည်။

**Ref : Russia Today**

**Trs : KKO**

## နာဆာ၏ အမျိုးသမီးအာကာသယာဉ်မှူး နှစ်ဦးက နိုင်ငံတကာအာကာသစခန်းယာဉ်ပြင်ပသို့ထွက်ခွာ၍ လုပ်ငန်းတာဝန်များထမ်းဆောင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အမျိုးသမီး အာကာသယာဉ်မှူးနှစ်ဦးသည် နိုဝင်ဘာ ၁ ရက်က နိုင်ငံတကာ အာကာသစခန်းယာဉ်ပြင်ပသို့ထွက်ခွာ၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပြင်ပသို့ထွက်ခွာစဉ် နာဆာအာကာသယာဉ်မှူး ဂျပ်စမင်းမိုဂါဘီလီနှင့် လော်ရယ်လ်အိုဟားရားသည် နေစွမ်းအင်ပြားများလည်ပတ်မှုကိုထိန်းပေးသည့် ဘယ်ရာရင်တစ်ခုကိုအစားထိုးလဲလှယ်တပ်ဆင်ခဲ့သည်။

နာဆာအမျိုးသမီးအာကာသယာဉ်မှူးနှစ်ဦး၏ နိုင်ငံတကာအာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုသည် စုစုပေါင်း ၆ နာရီ ၄၂ မိနစ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်မစ်ရှင်သည် အမျိုးသမီးအာကာသယာဉ်မှူးများသာပါဝင်သည့် စတုတ္ထမြောက် နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုမစ်ရှင်ဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မစ်ရှင်မတိုင်မီက နာဆာအမျိုးသမီးအာကာသယာဉ်မှူးများဖြစ်သည့် ခရစ္စတီးနားကိုချ်နှင့် ဂျက်ဆီကမိုင်ယာသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း သုံးကြိမ်ပြုလုပ်ခဲ့သည်။

အဆိုပါ မစ်ရှင်သည် နိုင်ငံတကာအာကာသစခန်း ယာဉ်မှူးများက အာကာသစခန်းယာဉ်တပ်ဆင်တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးအတွက် ပြုလုပ်ခဲ့သော ၂၆၉ ကြိမ်မြောက် အာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## Paxlovid ဆေးက ကိုဗစ်ရောဂါရေရှည်လက္ခဏာများ ပေါ်ထွက်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်မရှိ

**နယူးယောက် နိုဝင်ဘာ ၂**

Paxlovid အမည်ရှိ ပိုးရပ်တိုက်ဖျက်ရေး ဆေးတစ်မျိုးသည် ကိုဗစ်ရောဂါရေရှည်လက္ခဏာများ ပေါ်ထွက်လာနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်မရှိကြောင်း နိုဝင်ဘာ ၁ ရက်သတင်းများအရ သိရသည်။

Paxlovid သည် ကိုဗစ်ရောဂါကိုကုသရာတွင် ထိရောက်မှုရှိသော ပိုးရပ်တိုက်ဖျက်ရေးဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဆေးသည် ကိုဗစ်ရောဂါ ရေရှည်လက္ခဏာများ ပေါ်လာနိုင်ခြေကို လျှော့ချရာတွင် ထိရောက်မှု အားနည်းကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါအတွက် Paxlovid ဆေးဖြင့် ကုသမှုခံယူခဲ့သော လူပေါင်း ၉၆၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ Paxlovid ဆေးသုံးစွဲသူနှင့် မသုံးစွဲသူများကြား ကိုဗစ်ရောဂါ ရေရှည်လက္ခဏာများ ပေါ်ထွက်နိုင်ခြေမှာ အတူတူလောက်ပင်ရှိနေသည်ကို တွေ့ရသည်ဟု အမေရိကန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

သို့ဖြစ်ရာ ကိုဗစ်ရောဂါ ကူးစက်ခံထားရသော်လည်း ကျန်းမာရေးကောင်းမွန်သူများအနေဖြင့် ကိုဗစ်ရောဂါ ရေရှည်လက္ခဏာများကိုတားဆီးရန် Paxlovid ဆေးသုံးစွဲမှုမှာ အချိန်ဖြုန်းခြင်း သက်သက်သာဖြစ်နိုင်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## လေထုညစ်ညမ်းမှုပြဿနာကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးဒေလီ နိုဝင်ဘာ ၂**

လေထုညစ်ညမ်းမှု ပြဿနာကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း အိန္ဒိယ သုတေသနပညာရှင်များက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အိန္ဒိယ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ PM 2.5 ခေါ် လေထုညစ်ညမ်းမှုန်များ ပါဝင်မှုမြင့်မားသည့် လေထုလွှာနှင့် ထိတွေ့နေရသူများသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်း ပုံမှန်ထက်မြင့်မားလာနိုင်ပြီး ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

အဆိုပါ လေ့လာချက်သည် PM 2.5 အမှုန်များနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့ကြား ဆက်စပ်မှုကို အဓိကထား၍ အိန္ဒိယနိုင်ငံတွင် ပထမဆုံးပြုလုပ်ခဲ့သော လေ့လာချက်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်ရှိ လေထုညစ်ညမ်းမှုပြဿနာအမြင့်မားဆုံး နိုင်ငံများထဲတွင်ပါဝင်သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ ဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်းမှာလည်း မျှော်လင့်ထားသည်ထက် ပိုမိုမြင့်မားကြောင်းလည်း သိရသည်။

အိန္ဒိယ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ PM 2.5 ရှုပ်မှုန်များနှင့် တစ်လကြာ ထိတွေ့ပြီးချိန်တွင် သွေးအတွင်း သကြားဓာတ်ပါဝင်မှု ပုံမှန်ထက်မြင့်တက်လာတတ်ပြီး တစ်နှစ်နှင့်တစ်နှစ်အထက် ထိတွေ့မိပါက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



နိုင်ငံတကာ
## အားကစားသတင်းများ

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် မြဝတီအက်ဖ်စီအသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ကချင်ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံးပိုမိုတိုက်စစ်ဆင် ဖိအားပေးကစားခဲ့ပြီး နှစ်ဖက်အသင်း ခံစစ်ကစားသမားများ အမှားအယွင်းမရှိ ကစားနိုင်ခဲ့မှုကြောင့် သွင်းဂိုးရရှိရန်ခက်ခဲခဲ့သော်လည်း ပွဲပြီးဆုံးခါနီး ပွဲချိန် ၈၂ မိနစ်တွင် ဟိန်းဇေယျာမင်းက မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြဝတီအက်ဖ်စီအသင်းက ကချင်ယူနိုက်တက် အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင်ကစားခဲ့သည့် ဂျီအက်ဖ်အေအသင်းနှင့် ရှာဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ရှာဝတီယူနိုက်တက် အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့်ကစားနိုင်ခဲ့ကာ ပွဲချိန် ခုနစ်မိနစ်တွင် ပီတာအောင်ဝေဖြိုးက ရှာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၅၈ မိနစ်တွင် သန်းတိုးအောင်က ဂျီအက်ဖ်အေ အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**STA**

# ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပရီးမီးယားလိဂ်အသင်းများ ထိပ်တိုက်တွေ့ဆုံ

**လန်ဒန် နိုဝင်ဘာ ၂**

ယနေ့ယှဉ်ပြိုင်ခဲ့သည့် ကွာရာဘောင်းဖလား စတုတ္ထအဆင့်ပွဲစဉ်များအပြီးတွင် ကွာတားဖိုင်နယ်အဆင့် မဲခွဲပွဲပြုလုပ်ခဲ့ရာ လီဗာပူးနှင့် ဝက်စ်ဟမ်းအသင်း၊ ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ စတုတ္ထအဆင့်တွင် ချဲလ်ဆီးအသင်းက ချန်ပီယံရှစ်ကလပ် ဘလက်ဘန်းအသင်းနှင့် တွေ့ဆုံခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သကဲ့သို့ အဲဗာတန်အသင်းက ပရီးမီးယားလိဂ်ပြိုင်ဘက် ဘန်လေအသင်းနှင့်တွေ့ဆုံခဲ့ရာတွင် သုံးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းက ချန်ပီယံရှစ်ကလပ် အစ်ဗ့်စ်အသင်းနှင့် တွေ့ဆုံခဲ့ရာ သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နယူးကာဆယ်အသင်းက လက်ရှိချန်ပီယံ မန်ယူအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းက အာဆင်နယ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် ပရီးမီးယားလိဂ် ပြိုင်ဘက်များဖြစ်သည့် လီဗာပူးအသင်းနှင့်ဝက်စ်ဟမ်း၊ ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်း၊ အဲဗာတန်အသင်းနှင့် ဖူလ်ဟမ်အသင်း၊ ပေါ့ဝယ်လီအသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့ထိပ်တိုက်တွေ့ဆုံနေပြီး အဆိုပါပွဲစဉ်များကို လာမည့် ခရစ္စမတ်ကာလမတိုင်မီ ဒီဇင်ဘာ ၁၈ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

ML

**အဲဗာတန် Vs ဘရိုက်တန်**

**ကစားမည့်ရက်/အချိန် ၄-၁၁-၂၀၂၃ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရိုက်တန် ၁ - ၅ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဲဗာတန်** | – | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ဘရိုက်တန်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(သရေ)** |

အဲဗာတန်အသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်လာနေတာကြောင့် အခုပွဲစဉ်ကိုလဲ နိုင်ပွဲရဖို့ထပ်မံကြိုးစားလာမှာပါ။ ဘရိုက်တန်ကတော့ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ အိမ်ကွင်းမှာ အသာရနေတဲ့ အဲဗာတန်ကြောင့် အခုပွဲမှာအခက်တွေ့နိုင်ပါတယ်။ ဒါကြောင့် ပုံစံကောင်းရနေတဲ့ အဲဗာတန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အဲဗာတန် ၂ – ၁ ဘရိုက်တန်**

## အားကစားသတင်း အတိုအထွာများ

- အာဆင်နယ်အသင်းက အသက် ၂၂ နှစ်ရှိ စပို့တင်းလစ္စဘွန်းအသင်း ဗဟိုခံစစ်ကစားသမား ကာတာမိုကို စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၆၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ဘရန့်ဖို့ဒ်အသင်းက တိုက်စစ်မှူးတိုနေးအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ အလိုရှိကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- ဝုဗ်အသင်းသည် ကွင်းလယ်ကစားသမား နူနက်စ်ကို မန်စီးတီးအသင်းသို့ရောင်းချခဲ့ပြီးနောက် ကစားသမားရောင်းချမှုမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၄၀ ကျော်ရရှိခဲ့သဖြင့် ဝင်ငွေ၊ ထွက်ငွေမညီမျှမှုကြောင့် အရေးယူခံရမည့်အခြေအနေမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ML**

# အောက်တိုဘာလအကောင်းဆုံးဂိုးသမားစာရင်းတွင် လီဗာပူးဂိုးသမားအယ်လစ်ဆန် ထိပ်ဆုံးတွင်ဦးဆောင်

**လန်ဒန် နိုဝင်ဘာ ၂**

ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်ကထုတ်ပြန်ခဲ့သည့် အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံး ဂိုးသမားစာရင်းတွင် လီဗာပူးအသင်း ဂိုးသမားအယ်လစ်ဆန်က ထိပ်ဆုံးတွင်ဦးဆောင်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာလအတွက် တစ်လအကောင်းဆုံး ဂိုးသမားစာရင်းတွင် လီဗာပူးအသင်းဂိုးသမား အယ်လစ်ဆန်က ဘရိုက်တန်အသင်းကို တစ်ဖက် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဘရိုက်တန်တောင်ပံကစားသမားအက်ဒင်ဂရာ သွင်းယူသည့် အပိုင်ကန်သွင်းချက်ကို အကောင်းဆုံးကာကွယ်နိုင်ခဲ့ကာ အသင်းကို ရမှတ်တစ်မှတ်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့်အပြင် အဲဗာတန်အသင်း၊ နော်တင်ဟမ်အသင်းတို့ပွဲစဉ်တွင်လည်း အသင်းကိုပေးဂိုးမရှိအောင်ကူညီနိုင်ခဲ့သည်။

၎င်းနောက်တွင် ရှက်ဖီးလ်(U) ဂိုးသမားဖို့ဒရင်ဟမ်က မန်ယူအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူးဟော့လန်း၏ အပိုင်သွင်းဂိုးကို ကာကွယ်နိုင်ခဲ့၍လည်းကောင်း၊ ဝက်စ်ဟမ်းဂိုးသမား အာရီအိုလာက အေဗီလာအသင်းကိုရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒေါ်ကလပ်လူးဝစ်၏ အပြင်းကန်သွင်းချက်ကို ကာကွယ်နိုင်ခဲ့သည့်အပြင် အဲဗာတန်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒိုကိုရေး၏ကန်သွင်းချက်ကို ကာကွယ်နိုင်ခဲ့၍ လည်းကောင်း၊ စပါးဂိုးသမားဗီကာရီယိုက ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ပေါ်ဟင်ဟာ၏ ခေါင်းတိုက်သွင်းဂိုးကို ကာကွယ်နိုင်ခဲ့၍ လည်းကောင်း၊ လူတန်ဂိုးသမား ကာမင်စကီက အေဗီလာအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အိုလီဝက်ကင်း၏ ကန်သွင်းချက်ကို ကာကွယ်မှု ပြုလုပ်နိုင်ခဲ့၍ လည်းကောင်း တစ်လတာအကောင်းဆုံးဂိုးသမားစာရင်းတွင် ပါဝင်ခဲ့ကြသည်။

အဆိုပါကစားသမားများထဲတွင် လီဗာပူးအသင်းဂိုးသမား အယ်လစ်ဆန်က အောက်တိုဘာလအတွင်း ကစားခဲ့သည့် ပရီးမီးယားလိဂ် သုံးပွဲတွင် တစ်ပွဲသာပေးဂိုးရှိခဲ့ပြီး အသင်းအတွက် ကာကွယ်မှုပြုလုပ်၍ ရမှတ်ဆုံးရှုံးမှုမရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် တစ်လတာ အကောင်းဆုံး ဂိုးသမားဆုရရှိရန် ထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ပိုကယ်ဖလား ဒုတိယအဆင့်တွင် တတိယတန်းကလပ် ဆာဘက်ကန်အသင်းကိုရှုံးနိမ့်၍ ဘိုင်ယန်မြူးနစ်ထွက်ခွာခဲ့ရ

**ဘာလင် နိုဝင်ဘာ ၂**

ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ပိုကယ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျာမန်တတိယတန်းကလပ် ဆာဘက်ကန်အသင်းကို အဝေးကွင်းတွင်သွားရောက်ယှဉ်ပြိုင်ခဲ့ရပြီး နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် နည်းပြတူချယ်၏ ဘိုင်ယန်မြူးနစ်အသင်းသည် ပထမပိုင်း ၁၆ မိနစ်တွင် သောမတ်မူလာ၏ သွင်းဂိုးဖြင့် အိမ်ရှင်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ချေပဂိုးပြန်လည်ခွင့်ပြုခဲ့ရသောကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်းတွင် ပွဲချိန်ပြည့် ဖိအားပေး ကစားခဲ့သော်လည်း ဆာဘက်ကန်အသင်း ဂိုးသမား ရှက်ရိုက်ဘာ၏ကာကွယ်မှုကြောင့် ဂိုးမရခဲ့ဘဲ ပွဲချိန်နာကျင်အချိန်ပိုမိနစ် ၉၀ ကျော်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် ဆာဘက်ကန်အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ပိုကယ်ဖလားပြိုင်ပွဲတွင် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဆုဖလားရရှိခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်ထိသာ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့ကာ ခြေစွမ်းပိုင်းအားနည်းသည့် အသင်းများကိုသာရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။



ပိုကယ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များ အပြီးတွင် ဘွန်ဒက်လီဂါအသင်းများဖြစ်သည့် ဒေါ့မွန်၊ လေဗာကူဆင်၊ ဂလာဘတ်၊ ဖရန့်ဖတ်၊စတုဂတ်၊ဝုဗ်ဘတ်အသင်းတို့သာ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီး လက်ရှိချန်ပီယံလိုက်ပ်ဇစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အပါအဝင် ကျန်သည့်ဘွန်ဒက်လီဂါအသင်းများ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

**Ref : Sputnik**
**Trs : ML**

# Badminton Asia(Southeast Asia)Regional Championship ပြိုင်ပွဲတွင် မြန်မာကြက်တောင်အဖွဲ့ ရွှေတံဆိပ်ဆွတ်ခူး



**ရန်ကုန် နိုဝင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် Badminton Asia(Southeast Asia)Regional Championship ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင် အားကစားအဖွဲ့က ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

Badminton Asia (Southeast Asia)Regional Championship ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲ အသက် ၁၅ နှစ်အောက်ပြိုင်ပွဲအဖြစ် မြန်မာကြက်တောင်အသင်းသည် တီမောလက်စ်တေကြက်တောင်အသင်း၊ ကမ္ဘောဒီးယားကြက်တောင်အသင်းတို့နှင့် ကစားခဲ့ရာတွင် နှစ်ပွဲစလုံးအနိုင်ရရှိခဲ့ကာ ရမှတ် လေးမှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းက ရမှတ် နှစ်မှတ်ဖြင့် ဒုတိယ၊ တီမောလက်စ်တေအသင်းကနိုင်ပွဲမရရှိခဲ့ဘဲ တတိယနေရာတွင် ရပ်တည်ခဲ့သည်။

အလားတူ Badminton Asia (Southeast Asia) Regional Championship ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲ အသက် ၁၇ နှစ်အောက်ပြိုင်ပွဲအဖြစ် မြန်မာကြက်တောင်အသင်းသည် အိမ်ရှင်ကမ္ဘောဒီးယားအသင်း၊ တီမောလက်စ်တေအသင်းတို့နှင့်ဆက်လက်ကစားခဲ့ရပြီး မြန်မာအသင်းက နှစ်ပွဲအနိုင်ရရှိခဲ့ကာ ရမှတ် လေးမှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး အိမ်ရှင်ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်ရမှတ် နှစ်မှတ်ဖြင့် ဒုတိယ၊ တီမောလက်စ်တေအသင်းက တတိယရရှိခဲ့ကြသည်။

အဆိုပါ Badminton Asia (Southeast Asia) Regional Championship ပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် အောက်တိုဘာ ၂၉ ရက်မှစတင်ကျင်းပခဲ့ပြီး နိုဝင်ဘာ ၃ ရက်ထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# မလေးရှားစူပါ-၁၀၀ ကြက်တောင်ပြိုင်ပွဲ (၁၆)ဦးရှုံးထွက်အဆင့်၌ ဗီယက်နမ်ကြက်တောင်မယ်ကိုရှုံးနိမ့်ခဲ့သည့် သက်ထားသူဇာပြိုင်ပွဲမှထွက်ခွာခဲ့ရ

**ရန်ကုန် နိုဝင်ဘာ ၂**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပလျက်ရှိနေသည့် မလေးရှားစူပါ-၁၀၀ ကြက်တောင်ပြိုင်ပွဲ (၁၆)ဦး ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် မြန်မာကြက်တောင်မယ်သက်ထားသူဇာနှင့် ဗီယက်နမ်ကြက်တောင်မယ် သီထရန်တို့ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် သက်ထားသူဇာသည် (၃၂)ဦးရှုံးထွက်အဆင့်မှစတင်ကစားခဲ့ရပြီး (၃၂)ဦးရှုံးထွက်အဆင့်တွင် သက်ထားသူဇာက စင်ကာပူကြက်တောင်မယ်အင်ဆာရီရက်ခမ်းနှင့်ကစားခဲ့ရာ (၂၁-၁၉)၊ (၂၁-၁၆)ရမှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး (၁၆)ဦးရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် (၁၆)ဦးရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ဗီယက်နမ်ကြက်တောင်မယ်သီထရန်နှင့်ကစားခဲ့ရာတွင် အမှားအယွင်းများရှိခဲ့ပြီး ပထမပွဲငယ်တွင် ၂၁ မှတ် ၁၄ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယပွဲငယ်တွင် အကောင်းဆုံးပြန်လည် တုံ့ပြန်ကစားနိုင်ခဲ့ရာ ၂၁ မှတ် ၁၉ မှတ်ဖြင့် ရမှတ်ကွာဟမှုမရှိခဲ့သော်လည်း ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် နှစ်ပွဲပြတ်ရှုံးနိမ့်ခဲ့ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

သက်ထားသူဇာသည် နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်ထိ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ကူမာမိုတိုမာစတာဂျပန် ၂၀၂၃ ကြက်တောင်ပြိုင်ပွဲနှင့် နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်ထိ တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် တရုတ်မာစတာ ၂၀၂၃ ပြိုင်ပွဲတို့ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုတွင်းပွဲစဉ်အဖြစ် စဝီယာတက်ခ်က ကိုကိုဂတ်ဖ်ကိုအနိုင်ရရှိ



**ကန်ကွန် နိုဝင်ဘာ ၂**

မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့တွင် ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုတွင်းပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန်တင်းနစ်မယ်ကိုကိုဂတ်ဖ်တို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် စဝီယာတက်ခ်က (၇-၅ ၊ ၆-၀)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုဂတ်ဖ်သည် ယခုနှစ်အတွင်း အောင်မြင်မှုများဆွတ်ခူးရရှိထားသလို ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်ထားနိုင်ပြီး WTA Finals တွင် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသော်လည်း ကိုကိုဂတ်ဖ်သည် ပထမပွဲငယ်၌သာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနိုင်ခဲ့ပြီး ဒုတိယပွဲငယ်တွင် double-faulting ကို လေးကြိမ်ထိကျူးလွန်ခဲ့ပြီး ဒုတိယပွဲငယ်တွင် ကိုကိုဂတ်ဖ်အတွက် ယခုနှစ်အတွင်းအဆိုးရွားဆုံးသောရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ယခုနှစ် တင်းနစ်ရာသီအတွင်း ပြိုင်ပွဲအသီးသီးတွင် ချန်ပီယံဆုဖလားများ ဆွတ်ခူးထားသောချန်ပီယံများကိုစုစည်းကာ အုပ်စုစနစ်ဖြင့်ကျင်းပပေးသည့် WTA Finals တင်းနစ်ပြိုင်ပွဲသည် ချန်ပီယံများ၏ ချန်ပီယံပြိုင်ပွဲဖြစ်သည့်အတွက်ကြောင့် အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ကိုကိုဂတ်ဖ်ကိုအနိုင်ရရှိခဲ့သည့် စဝီယာတက်ခ်သည် အုပ်စုတွင်း ဒုတိယပွဲစဉ်တစ်ပွဲအဖြစ် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ပြီး စဝီယာတက်ခ်က "အုပ်စုတွင်း ပထမပွဲစဉ်မှာတော့ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ကွင်းထဲမှာ ပရိသတ်တွေပြည့်လျှံမနေတာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၁၂) ပွဲကြိုသုံးသပ်ချက်များ

STA

**ဘက်တစ် Vs မာယော့ကာ**

**ကစားမည့်ရက်/အချိန် ၄-၁၁-၂၀၂၃ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၁ – ၀ မာယော့ကာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဘက်တစ် – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| မာယော့ကာ – | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |

နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေပြီး အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဘက်တစ်အသင်းဟာ မာယော့ကာအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ မာယော့ကာအသင်းရဲ့ ခြေစွမ်းပိုင်းကဆိုးရွားနေလို့ ဘက်တစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဘက်တစ် ၂ – ၀ မာယော့ကာ**

**ဆိုစီဒက် Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၁ – ၂ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| ဆိုစီဒက် – | ဝေး(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| ဘာစီလိုနာ – | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(ရှုံး) |

ပြီးခဲ့တဲ့ပွဲစဉ်ကရှုံးပွဲကြုံခဲ့တဲ့ ဘာစီလိုနာအသင်းဟာ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ ဆိုစီဒက်အသင်းကလဲနောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်အားကျဆင်းနေပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဆိုစီဒက် ၁ – ၂ ဘာစီလိုနာ**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

STA

**မာဆေး Vs လိုင်လီ**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်လီ ၂ – ၁ မာဆေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| မာဆေး – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |
| လိုင်လီ – | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

လိုင်လီအသင်းဟာ သုံးပွဲဆက်နိုင်ပွဲရယူထားပေမဲ့ အဝေးကွင်းဆိုရင်တော့ ခြေစွမ်းပိုင်းကစိတ်ချလို့မရပါဘူး။ မာဆေးအသင်းကလဲ အိမ်ကွင်းနှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြနေသလို လိုင်လီအသင်းနဲ့တွေ့ဆုံတိုင်းရလဒ်ကောင်းလေ့ရှိပါတယ်။ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ မာဆေးအသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – မာဆေး ၃ – ၂ လိုင်လီ**

# အီတလီစီးရီးအေ ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်

ML

**အေစီမီလန် Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၅-၁၁-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အူဒီးနီးစ် ၃ – ၁ အေစီမီလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | |
|---|---|---|---|
| အေစီမီလန် – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(သရေ) |
| အူဒီးနီးစ် – | အိမ်(သရေ) | ဝေး(သရေ) | အိမ်(ရှုံး) |

အေစီမီလန်အသင်းဟာ သုံးပွဲဆက်နိုင်ပွဲပျောက်နေပြီး ရမှတ်လိုအပ်နေတာကြောင့် အခုပွဲစဉ်မှာဖိအားပေးလာမှာပါ။ အူဒီးနီးစ်ကတော့ ကစားအားကျဆင်းနေတာကြောင့် အေစီမီလန်ကို ပွဲချိန်ပြည့်ယှဉ်နိုင်ဖို့ အခက်တွေ့နေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာရမှတ်ရှာဖွေရမဲ့ အေစီမီလန်ပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – အေစီမီလန် ၁ – ၀ အူဒီးနီးစ်**

# တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းစဉ်များ ပြန်လည်ချိန်ညှိရန်လိုအပ်လာသော အမေရိကန်

အမေရိကန်အနေဖြင့် အဆင့်တူနိုင်ငံများ၏ သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော နျူကလီးယား ခြိမ်းခြောက်မှုများအတွက် မဟာဗျူဟာမြောက် ကာကွယ်နိုင်မည့်အမြင်ဖြင့် ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း ကွန်ဂရက် အစီရင်ခံစာတစ်စောင်က တိုက်တွန်းထားရှိသည်။ အမေရိကန်၏ မဟာဗျူဟာမြောက် ရပ်တည်ချက်ဆိုင်ရာ ကွန်ဂရက်အစီရင်ခံစာကို အောက်တိုဘာလအတွင်း ထုတ်ပြန်ခဲ့ရာ အမေရိကန်နိုင်ငံအနေဖြင့် တရုတ်နှင့်ရုရှားနှစ်နိုင်ငံစလုံးကို ကာကွယ်နိုင်မည့်စစ်မျက်နှာ နှစ်ရပ်စလုံးအတွက် ကြိုတင်ပြင်ဆင်ထားရန် တိုက်တွန်းထားရှိသည်။

၎င်းအစီရင်ခံစာက နျူကလီးယားလက်နက်တပ်ဆင်ထားရှိသည့် ပြိုင်ဘက်နှစ်နိုင်ငံ၏ရန်မှ အရေးပါသော အကျိုးစီးပွားများကိုကာကွယ်ရန်နှင့် တည်ငြိမ်အေးချမ်းမှု တိုးတက်လာစေရန် အမေရိကန် ကာကွယ်ရေးမဟာဗျူဟာနှင့် မဟာဗျူဟာမြောက် ရပ်တည်ချက်ကို ပြောင်းလဲသွားရမည်ဖြစ်ကြောင်းနှင့် ၂၀၂၇ ခုနှစ်မှ၂၀၃၅ ခုနှစ်အတွင်း နျူကလီးယား ခြိမ်းခြောက်မှုများ မြင့်တက်လာနိုင်သဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် လက်ရှိအချိန်တွင် အရေးပါသော ဆုံးဖြတ်ချက်ချမှတ်သွားသင့်ကြောင်း တိုက်တွန်း အကြံပြုထားရှိသည်။

အမေရိကန်အနေဖြင့် ပြီးပြည့်စုံသော မဟာဗျူဟာနှင့်တပ်ဖွဲ့စည်းမှု ချိန်ညှိဆောင်ရွက်ခြင်းအားဖြင့် နျူကလီးယားခြိမ်းခြောက်မှုကို ကိုင်တွယ်ဖြေရှင်းသွားရန်လိုအပ်ကြောင်း၊ အမေရိကန်၏ ကာကွယ်ရေးမဟာဗျူဟာသည် တောင့်တင်းခိုင်မာ အားကောင်းနေသည့်တိုင်အောင် နျူကလီးယားစွမ်းဆောင်ရည်အတွက် တပ်ဖွဲ့စည်းမှုနှင့်အနေအထားကို ပြန်လည်ချိန်ဆ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ကွန်ဂရက် အစီရင်ခံစာ၌ ဖော်ပြထားသည်။

တောင့်တင်းခိုင်မာသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အန္တရာယ်လျှော့ချနိုင်ရေးကြိုးပမ်းမှုများအပါအဝင် အမေရိကန်၏ မဟာဗျူဟာမြောက် ရပ်တည်ချက်အတွက် နျူကလီးယား မဟုတ်သော စွမ်းဆောင်ရည်များ၏ အရေးပါမှုကိုလည်း ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ ခြိမ်းခြောက်မှုဝန်းကျင်အသစ်တွင် အမေရိကန်၏ ချဉ်းကပ်ဆောင်ရွက်မှုအတွက် မဟာမိတ်များနှင့် မိတ်ဖက်နိုင်ငံများသည် များစွာအရေးပါလျက်ရှိကြောင်း ဖော်ပြထားသည်။

အမေရိကန်၏ နျူကလီးယားလက်နက်ကာကွယ်ရေးစက်မှုလုပ်ငန်းနှင့်စွမ်းအင်ဌာန (DOE)၊အမျိုးသား နျူကလီးယားလုံခြုံရေးအုပ်ချုပ်မှုဌာန (NNSA) များအတွက် အမေရိကန် ကွန်ဂရက်မှရန်ပုံငွေတိုးချဲ့ခွင့်ပြုရေးအတွက်လည်း ၎င်းအစီရင်ခံစာ၌ ထောက်ခံဖော်ပြထားသည်။ အထူးသဖြင့် ကာကွယ်ရေးဝန်ကြီးဌာန (DOD)၏ ဆန်းသစ်သော ချဉ်းကပ်မှုများ လုပ်ဆောင်နိုင်ရေးအတွက် ကွန်ဂရက်အနေဖြင့် ရန်ပုံငွေပံ့ပိုးခွင့်ပြုသွားရန် အကြံပြုထားရှိသည်။

အဆိုပါအစီရင်ခံစာ၏ ထောက်ခံတင်ပြမှုများတွင် ထိုးစစ်နှင့်ခံစစ်ပစ္စည်းများနှင့် ခိုင်မာအားကောင်းသော အာကာသဗိသုကာပုံစံ တပ်ဖြန့်ချထားခြင်း၊ တိကျသော တာဝေးပစ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များအတွက် ရန်ပုံငွေဦးစားပေးခွင့်ပြုခြင်း၊ တိုင်းပြည်ကာကွယ်ရေးအတွက် ဒုံးကျည်ကာကွယ်ရေးစနစ်များ သုတေသနပြုတိုးတက်ထုတ်လုပ်ခြင်းနှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကာကွယ်ရေးဌာနသို့ ဒုံးကျည်ကာကွယ်ရေးစွမ်းဆောင်ရည်များ လွှဲပြောင်းပေးခြင်းတို့ပါဝင်သည်။

အမေရိကန်အနေဖြင့် ကျူးကျော်တိုက်ခိုက်လာသူများကို ဟန့်တားနိုင်ရေး၊ ဒေသတွင်းလုံခြုံရေးခိုင်မာသေချာစေရန်နှင့် နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်ခြင်းအားဖြင့် စီးပွားရေးသာယာဝပြောမှု မြှင့်တင်နိုင်ရန် မဟာမိတ်များနှင့် မိတ်ဖက်များကို ဆက်လက်ထိန်းသိမ်းထားရှိပြီး တောင့်တင်းခိုင်မာအောင် ဆောင်ရွက်သင့်ကြောင်း၊ အဆိုပါမိတ်ဖက်များနှင့် ဆက်ဆံရေးတည်ဆောက်မှု ရှုပ်သိမ်းခြင်းသည် ပြိုင်ဘက်များကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ကျူးကျော်တိုက်ခိုက်လာသူများ၏အန္တရာယ် မြင့်တက်လာစေမည်ဖြစ်ကြောင်းနှင့်အမေရိကန်နှင့်မဟာမိတ်များ၏လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ သာယာဝပြောမှုတို့ကို ထိခိုက်နစ်နာစေမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

နျူကလီးယားလက်နက်ပုံစံအားလုံးကို ကန့်သတ်နိုင်သည့် အမေရိကန် အမျိုးသားအကျိုးစီးပွားများ အထောက်အကူပြုနိုင်သော နျူကလီးယားလက်နက် ထိန်းချုပ်ရေး အခွင့်အလမ်းများကို စူးစမ်းလေ့လာသွားရေးနှင့် အလားအလာကောင်းသည့် နည်းပညာများ သုတေသနပြုလုပ်ခြင်းကို ထောက်ခံဖော်ပြထားသည်။ မဟာမိတ်များကို ကာကွယ်ခြင်းနှင့် စစ်ဆင်ရေးအထောက်အကူပြုခြင်းအပါအဝင် အမေရိကန် အမျိုးသားကာကွယ်ရေးအခြေခံအုတ်မြစ်သည် ၁၉၄၅ ခုနှစ်ကတည်းက စတင်ခဲ့သော နျူကလီးယား ဟန့်တားမှုသဘောတရားကို အခြေခံထားရှိသည်။



စင်စစ်အားဖြင့် ပြိုင်ဘက်ကင်းဖျက်စွမ်းအားပြင်း နျူကလီးယားလက်နက်များသည် ၎င်းတို့၏ဟန့်တားနိုင်မှုစွမ်းဆောင်ရည်ကို မြင့်တက်စေလျက်ရှိသောကြောင့် သမားရိုးကျ လက်နက်စွမ်းဆောင်ရည်များကိုလည်း ရရှိစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်၏ နျူကလီးယားမဟာဗျူဟာအနေဖြင့် အခြားသူများက ၎င်း၏စွမ်းဆောင်ရည်ကို သိရှိထားသည့်အတိုင်း ပြိုင်ဘက်နိုင်ငံများ၏ နျူကလီးယား စွမ်းဆောင်ရည်ကို လက်တွေ့ကျကျ တွက်ချက်သွားရန် လိုအပ်ပေသည်။

နျူကလီးယားလက်နက်များသည် အခြားသော နိုင်ငံများကို ခြိမ်းခြောက်ရန်အတွက် အသုံးပြုသွားမည်ဆိုလျှင် အကျိုးဖြစ်ထွန်းမည် မဟုတ်သော်လည်း ကာကွယ်ရေးစွမ်းဆောင်ရည်အဖြစ် အရန်သိုလှောင်ထားရှိမည်ဆိုလျှင် ထိရောက်မည်ဖြစ်သည်။ ထို့ပြင် နျူကလီးယားလက်နက်များသည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များအပေါ် တိုက်ခိုက်လာနိုင်သည့် နျူကလီးယားလက်နက်များနှင့် မဟာဗျူဟာမြောက်တိုက်ခိုက်မှုများကို ဟန့်တားနိုင်စွမ်းရှိစေမည်ဖြစ်သည့်အပြင် နျူကလီးယားအင်အားကြီး နိုင်ငံများကြား စစ်ပွဲကြီးများဖြစ်ပေါ်လာနိုင်မှုကိုလည်းဟန့်တားနိုင်စေမည်ဖြစ်သည်။

ထို့ပြင် သမားရိုးကျဟန့်တားမှု စွမ်းဆောင်ရည်များသည် နျူကလီးယားဟန့်တားမှုနှင့်အတူ ပိုမိုကျယ်ပြန့်သော အခြေအနေများတွင် ပိုမိုအသုံးပြုနိုင်မည်ဖြစ်ပြီး နျူကလီးယား လက်နက်များထက်ပင် လိုက်လျောညီထွေအသုံးပြုနိုင်သည့်အပြင် နျူကလီးယား လက်နက်များကဲ့သို့ နိုင်ငံရေးအရ ထိန်းချုပ်ခြင်းလည်းမခံရပေ။

ထို့ကြောင့် အမေရိကန်အနေဖြင့် သမားရိုးကျ ဟန့်တားမှုကို ကာကွယ်ရေးမူဝါဒ၏ အဓိကသဘောတရားအဖြစ် ပြန်လည်အားဖြည့်ဆောင်ရွက်သွားသင့်ပေသည်။ သမားရိုးကျဟန့်တားနိုင်မှု၏ အဓိကပြဿနာသည် ၎င်းစွမ်းဆောင်ရည်အနေဖြင့် မအောင်မြင်နိုင်ခြေ များသောကြောင့်ပင်ဖြစ်သည်။ စင်စစ်အားဖြင့် စစ်အေးကာလသမားရိုးကျ စွမ်းဆောင်ရည်များသည် လက်ရှိအင်အားကြီးနိုင်ငံများနှင့်ယှဉ်ပြိုင်မှုအတွက် မလုံလောက်တော့ပေ။ ခေတ်သစ်အမေရိကန် ပြိုင်ဘက်များကို ဟန့်တားခြင်းအတွက် ချဉ်းကပ်မှုသည် နျူကလီးယားမဟုတ်သော ခြိမ်းခြောက်မှုများအပေါ် လွှမ်းမိုးနိုင်ရန်၊ မဟာမိတ်များ အင်အားတောင့်တင်းခိုင်မာလာစေရန်နှင့် ရန်ဘက်များ၏ အားနည်းချက်ရှာဖွေခြင်းတို့ကို အလေးထားဆောင်ရွက်သွားသင့်ပေသည်။

တရုတ်နှင့်ရုရှားတို့သည် နျူကလီးယားလက်နက်များနှင့် သမားရိုးကျမဟုတ်သော နည်းလမ်းများကို အသုံးပြု ခြိမ်းခြောက်ခြင်းအားဖြင့် အမေရိကန်၏ နျူကလီးယားနှင့် သမားရိုးကျ ဟန့်တားမှုတို့ကို အင်အားချည့်နဲ့လာစေရန် ဘက်စုံချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် နျူကလီးယားတပ်ဖွဲ့များ တိုးချဲ့တည်ဆောက်လာလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်၏ နျူကလီးယားစွမ်းဆောင်ရည်ထက် ဟန်ချက်ပိုမိုသာလွန်နေမည်ဆိုလျှင် ပဋိပက္ခတွင်း၌ နျူကလီးယားလက်နက်အသုံးပြုလာနိုင်သည်ဟု အမေရိကန်တို့က ရှုမြင်လျက်ရှိသည်။ အမေရိကန်အနေဖြင့် နည်းဗျူဟာမြောက် နျူကလီးယားစွမ်းဆောင်ရည်များ ကင်းမဲ့လာမည်ဆိုလျှင် တရုတ်နိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် နျူကလီးယားစွမ်းဆောင်ရည် တုံ့ပြန်မှု ကန့်သတ်ချက်ရှိလာမည်ဟု ရှုမြင်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက်တိုးချဲ့မှုသည် အမေရိကန်ပြည်မကြီးထိ ခြိမ်းခြောက်နိုင်သည့်အတွက် အမေရိကန်၏ ဟန့်တားနိုင်မှုစွမ်းဆောင်ရည်ကို အားနည်းစေမည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် ၎င်း၏ မဟာမိတ်များကို ကာကွယ်ရန် ဆန္ဒနည်းလာမည်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် အတွက်အချက်မှားယွင်းမှုများကြောင့် မရည်ရွယ်ထားသောအန္တရာယ်များမြင့်တက်လာမှုနှင့်အတူ တရုတ်နိုင်ငံ၏ နျူကလီးယားတိုက်ခိုက်မှုအလားအလာကိုလည်း မြင့်တက်လာစေနိုင်ပေသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုံးကျည်တပ်ဖွဲ့(PLA-RF)၏ သမားရိုးကျ ဒုံးကျည်များသည် တရုတ်နိုင်ငံ၏ ဟန့်တားနိုင်မှုနှင့်စစ်ပွဲတို့တွင် များစွာအရေးပါလျက်ရှိသောကြောင့် အမေရိကန်ကို ဟန့်တားနှောင့်ယှက်နိုင်ရေးအတွက် သတင်းအချက်အလက်လွှမ်းမိုးမှု၊ ဝေဟင်နှင့်ပင်လယ်ပြင်နယ်ပယ်တို့ အသာစီးရရှိရေးရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ PLA-RF စစ်အခြေခံသဘောတရားသည် မဟာဗျူဟာမြောက်စစ်ဆင်ရေးနှင့် နည်းပညာဆိုင်ရာအလားအလာတို့တွင် ထိရောက်စွာတုံ့ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ရုရှားနိုင်ငံအနေဖြင့်လည်း နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များအပေါ် ပိုမိုအားထားခြင်းဖြင့် ၎င်း၏မဟာဗျူဟာကို ပြောင်းလဲကျင့်သုံးလာဖွယ်ရာ ရှိနေသည်။ ရုရှား၏ဟန့်တားမှုမဟာဗျူဟာတွင် နျူကလီးယားလက်နက်များ တိုးမြှင့်လာခြင်းနှင့် NATO နှင့်နယ်မြေထိစပ်နေသော ဒေသများတွင် စစ်အင်အားတိုးမြှင့် တပ်ဖြန့်ချထားလာခြင်းသည် ဥရောပနိုင်ငံများ၏ လုံခြုံရေးနှင့်တည်ငြိမ်မှုကို အင်အားချည့်နဲ့လာစေလျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံ၏ ခြိမ်းခြောက်မှုနှင့် လွှမ်းမိုးမှုများပိုမိုမြင့်တက်လာစေမည်ဖြစ်သည့်အတွက် NATO နှင့် ရုရှားတို့ကြားတွင် ပဋိပက္ခများ ပိုမိုကြီးထွားလာစေနိုင်ပေသည်။

ရုရှားနိုင်ငံအနေဖြင့် မဟာဗျူဟာမြောက်မဟုတ်သည့် နျူကလီးယားလက်နက်များအပေါ် ပိုမိုမှီခိုအားထားလာမည်ဆိုလျှင် တာတိုနှင့် တာလတ်ပစ်လက်နက်များ ထိန်းချုပ်ရေးစာချုပ်သည် ပျက်ပြယ်ရန် အလားအလာရှိနေသည်။ ရုရှားနိုင်ငံသည် သမားရိုးကျခြိမ်းခြောက်မှုတွင် ကြားခံများ၊ပြောင်းလဲလှုပ်ရှားမှုများ၊ ဆိုက်ဘာစွမ်းဆောင်ရည်များ၊ နိုင်ငံရေးဆိုင်ရာ သိမ်းသွင်းမှုများ၊ စီးပွားရေးအရ လွှမ်းမိုးမှုနည်းလမ်းများဖြင့် NATO နှင့် ဥရောပဒေသကို ပေါင်းစပ်ခြိမ်းခြောက်မှု လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်၏ ဟန့်တားနိုင်မှု စွမ်းဆောင်ရည်တွင် အဆင့်တူနိုင်ငံများ၏ ခြိမ်းခြောက်မှုကြောင့် အမေရိကန်အနေဖြင့် ဒေသတွင်း ပဋိပက္ခများ အရှိန်မြင့်တက်လာမှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် သမားရိုးကျနှင့် နျူကလီးယားတပ်ဖွဲ့တို့ကြား ပိုမိုပေါင်းစပ်မှုကိုအလေးထားသော သမားရိုးကျ နျူကလီးယား ပေါင်းစပ်မှု (CNI) မဟာဗျူဟာကို စဉ်းစားသုံးသပ်သွားသင့်ပေသည်။ ထိုမှတစ်ဆင့် ခိုင်မာအားကောင်းသော ဟန့်တားမှုအတွက် ပေါင်းစပ်ထားသော ရွေးချယ်မှုအခွင့်အလမ်းများ တိုးတက်လာအောင် ဆောင်ရွက်ခြင်းနှင့် ဒေသတွင်းပဋိပက္ခများတွင် ပြိုင်ဘက်နိုင်ငံများမှ နျူကလီးယားလက်နက်အသုံးချ အမြတ်ထုတ်မှုများ လုပ်ဆောင်လာခြင်းကို ငြင်းဆိုသွားရန် လိုအပ်ပေသည်။

CNI သည် နျူကလီးယားစစ်ပွဲများတွင် သမားရိုးကျတပ်ဖွဲ့များ၏ ကြံ့ကြံ့ခံနိုင်မှုကို အဆင့်မြှင့်တင်ပေးနိုင်ခြင်း၊ ထိန်းချုပ်ထားသော ဝန်းကျင်များတွင် စစ်ဆင်ရေးတာဝန်များ တိုးမြှင့်ထမ်းဆောင်နိုင်ခြင်းနှင့်ကွပ်ကဲမှု၊ ထိန်းချုပ်မှုနှင့်ဆက်သွယ်မှု(C3)စနစ်များကို ခိုင်မာအားကောင်းခြင်းတို့အတွက် အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် ကန့်သတ်နျူကလီးယားစစ်ပွဲဆင်နွှဲလာမည့် ပြိုင်ဘက်နိုင်ငံများကို ဟန့်တားနိုင်မည်ဖြစ်ပြီး အမေရိကန်နှင့် ၎င်း၏ မဟာမိတ်တပ်ဖွဲ့များကို ၎င်းတို့၏စစ်ရေးရည်မှန်းချက်များ အောင်မြင်စွာ ဆက်လက်ဆင်နွှဲနိုင်စေမည်ဖြစ်သည်။ သို့သော် CNI သည် သမားရိုးကျနှင့်နျူကလီးယားတပ်ဖွဲ့များကြား ထမ်းဆောင်သွားရမည့်တာဝန်များကို မသဲမကွဲ သတ်မှတ်ထားသောကြောင့် နျူကလီးယားအရှိန်မြှင့်တင်မှုများ ပိုမိုဖြစ်ပေါ်လာစေနိုင်ပေသည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် တိုင်းပြည်ကို သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုအန္တရာယ်များမှကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ရာတွင် ဘက်ပေါင်းစုံမှ ချိန်ညှိဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

- **US preparing for a two-front China-Russia war By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ဖြတ်စ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း ရုံတင်ပြသမည်




**ရန်ကုန် နိုဝင်ဘာ ၂**

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖြတ်စ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလအတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ အုန်းဝင်းက ပြောပြ၍ သိရသည်။

ဖြတ်စ ရုပ်ရှင်ဇာတ်ကား၏ မူရင်းဝတ္ထုမှာ စာရေးဆရာကြီး သော်တာဆွေ၏ ဝတ္ထုဖြစ်ပြီး အဆိုပါဝတ္ထုကို မနုတ်ကိုကိုဇော်၊ ဒီးဒီးထက်အောင်၊ ရွှန်းမီမီထက်၊ မြလွှမ်းမိုးဆွေတို့က ဇာတ်ညွှန်းရေးသားထားကြောင်း၊ ဇာတ်ညွှန်းအကြံပေး ဒါရိုက်တာ မောင်ဇေဒါ၊ အနုပညာအကြံပေး ဒါရိုက်တာ နေသူရိန်တို့က ဆောင်ရွက်ထားပြီး တွဲဖက်ဒါရိုက်တာအဖြစ် ဒါရိုက်တာ ကြည်သာနှင့် ဒါရိုက်တာ အုန်းဝင်းတို့က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"နာမည်ကြီး စာရေးဆရာကြီးရဲ့ ဟာသဝတ္ထုဖြစ်တဲ့အတွက် တာဝန်ကြီးတဲ့ ဇာတ်ကားပါ။ ရယ်စရာဆိုတာထက် မူရင်းနဲ့အနီးစပ်ဆုံးဖြစ်အောင် ရိုက်ကူးထားပါတယ်။ ဆရာကြီးရဲ့ ဟာသဝတ္ထုတွေက ကလိထိုးပြီး ရယ်ခိုင်းတာမဟုတ်တဲ့ သဘာဝဟာသတွေဖြစ်တဲ့အတွက် တာဝန်ကြီးပါတယ်"ဟု ဒါရိုက်တာ အုန်းဝင်းက ပြောပြသည်။

အဆိုပါရုပ်ရှင် ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ရန်အောင်၊ ရွှေမှုန်ရတီ၊ စိုးမြတ်သူဇာ၊ ခင်ဇာခြည်ကျော်၊ တက္ကသိုလ်ငွမ်းပုံ၊ အောင်လေး၊ ခင်လှိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH


# Miss Heritage International 2023 ပြိုင်ပွဲတွင် မြန်မာကိုယ်စားပြုအလှမယ် ထက်သင်ဇာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် Miss Heritage International 2023 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ထက်သင်ဇာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Miss Heritage International 2023 ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ညီမ လက်ရှိ ပြင်ဆင်ထားတာတွေကတော့ အများကြီးပါပဲ။ နိုင်ငံပေါင်း ၃၀ ကျော်ဆိုတော့ Myanmar ဆိုတာ အကုန်လုံးနဲ့ ရင်ပေါင်တန်းပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ Body၊ Beauty၊ Brain ဆိုတဲ့ လိုအပ်ချက်တွေပါ ပြင်ဆင်ထားပါတယ်။ Catwalk ပိုင်းဆိုလဲ ညီမ တစ်နှစ်ခွဲလောက် လေ့ကျင့်ထားပါတယ်။ Speaking ပိုင်းကော၊ ကိုယ်တတ်နိုင်သလောက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ အဓိကကတော့ National Costume ကိုလဲ ဒီဇိုင်နာကျော်စွာနဲ့ ဖန်တီးထားပါတယ်။ ပြီးတော့ ပွဲနာမည်က Heritage ဆိုတဲ့အတိုင်း ညီမတို့ Myanmar နိုင်ငံအတွက် အကောင်းဆုံးချပြသွားမှာပါ" ဟု အလှမယ် ထက်သင်ဇာက ပြောပြသည်။




အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များနှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ထက်သင်ဇာက ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အလှမယ် ထက်သင်ဇာကို The Model of Myanmar Organization က တာဝန်ယူစေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

အလှမယ် ထက်သင်ဇာသည် Miss Glorious International Myanmar 2022 3rd Runner Up ဆု၊ Miss New Face International Myanmar 2022 Grand Winner ဆု၊ Queen Of Pan 2023 1st Runner Up ဆုများ ရရှိထားကြောင်း သိရသည်။ ASH

# ကျောက်စိမ်းမြို့တော် ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၅ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ကျောက်စိမ်းမြို့တော် (Jade City) ရုပ်သံဇာတ်လမ်းတွဲကို နိုဝင်ဘာ ၅ ရက်မှစ၍ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်လမ်းတွဲကို ဖန်တီးရိုက်ကူးသူ သရုပ်ဆောင်၊ ဒါရိုက်တာ JZ ဒေါင်းလွှကျ်းက ပြောပြ၍ သိရသည်။

ကျောက်စိမ်းမြို့တော်(Jade City) ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ JZ ဒေါင်းလွှကျ်းက တာဝန်ယူပုံဖော်ရိုက်ကူးထားပြီး ကချင်တိုင်းရင်းသားဘာသာစကားပြော ရုပ်သံဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲမှာထူးခြားချက်ကတော့ ကချင်တိုင်းရင်းသားတွေ အများဆုံးပါဝင်သရုပ်ဆောင်ထားသလို ကချင်တိုင်းရင်းသားဘာသာစကားပြောတဲ့ ဇာတ်လမ်းတွဲလဲဖြစ်ပါတယ်။ ကချင်ပြည်နယ်ရဲ့ တောတောင်ရေမြေနဲ့ သယံဇာတ အလှအပတွေကြားထဲက မလှပတဲ့ ကချင်တိုင်းရင်းသား လုပ်သားပြည်သူတို့ရဲ့ဘဝကို အခြေခံကျကျ ရိုက်ကူးထားသလို ကချင်တိုင်းရင်းသား ဘာသာစကားပြောအတိုင်းကို မြန်မာစာတန်းထိုးနဲ့ ကြည့်ရှုရင်း ကချင်တိုင်းရင်းသားတွေကြားမှာ ရောက်သွားသလို ဇာတ်ကားရဲ့ အငွေ့အသက် အပြည့်အဝခံစားရမဲ့ ရုပ်သံဇာတ်လမ်းတွဲလဲဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဒါရိုက်တာ JZ ဒေါင်းလွှကျ်းက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် JZ ဒေါင်းလွှကျ်း၊ M ဆိုင်းနော်၊ G တိန့်ဆောင်၊ စွမ်စွမ်ပန်၊ M ဂျာအောင်၊ ဂျာဆိုင်းအိန်စသည့်အနုပညာရှင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Panda Plan ဟာသဇာတ်ကား၌ မင်းသားကြီး ဂျက်ကီချန်း သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၂**

ကမ္ဘာကျော်အက်ရှင်မင်းသားကြီး ဂျက်ကီချန်းသည် Panda Plan အမည်ရှိ ဟာသအက်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Panda Plan ဇာတ်ကားတွင် မင်းသားကြီး ဂျက်ကီချန်းသည် ပန်ဒါဝက်ဝံသားပေါက်တစ်ကောင်ကို စွန့်စွန့်စားစား ကယ်တင်ရမည့် ဇာတ်ကောင်နေရာ၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Panda Plan ဇာတ်ကားကို ဒါရိုက်တာ ကျန်းလူအန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး Mandarin Motion Pictures ရုပ်ရှင်ကုမ္ပဏီကထုတ်လုပ်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် Panda Plan ဇာတ်ကားစတင်ရိုက်ကူးမည့်ကာလနှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

အသက် ၆၉ နှစ်အရွယ် မင်းသားကြီး ဂျက်ကီချန်းသည် Rush Hour 4 ဟာသအက်ရှင်ဇာတ်ကားတွင်လည်း ပါဝင်ရန်စီစဉ်ထားပြီး ယခုနှစ်အတွင်း မင်းသားကြီး ဂျက်ကီချန်းသည် မင်းသား ဂျွန်စီနာနှင့်အတူ Hidden Strike ဇာတ်ကား၌ ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref: Russia Today**

**Trs: KKO**



# Now You See Me-3 ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေး စီစဉ်နေ

**နယူးယောက် နိုဝင်ဘာ ၂**

Now You See Me-3 ဇာတ်ကားများ၏ တတိယမြောက်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရေးအတွက် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Now You See Me-2 ရုံတင်ပြသခဲ့ပြီး ခုနစ်နှစ်အကြာတွင် Now You See Me-3 ကို ဆက်လက်ရိုက်ကူးရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေခြင်းဖြစ်သည်။

Now You See Me-3 ကို ဒါရိုက်တာ လူးဝစ်လက်တာရီးယားက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားသစ်တွင် မင်းသား ဂျက်ဆီအိုက်ဆင်းဘာ့၊ ဝုဒ်ဒီဟာရယ်ဆန်နှင့် မော်ဖရီးမင်းတို့ ပြန်လည်ပါဝင်လာဖွယ်ရှိသည်။

Now You See Me ဇာတ်ကားများသည် လူချမ်းသာကြီးများ လက်မှငွေကြေးများ ဆင်းရဲသားများလက်သို့ ရောက်သွားစေရန် လုပ်ဆောင်လေ့ရှိသည့် မျက်လှည့်ပညာရှင်တစ်စုနှင့် အမေရိကန် ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးအေဂျင်စီ (အက်ဖ်ဘီအိုင်)တို့အားပြိုင်မှုကို ရိုက်ကူးပုံဖော်ထားသော ဇာတ်ကားများဖြစ်ကြောင်း သိရသည်။

**Ref: Xinhua News**

**Trs: KKO**



# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at Union government meeting 6/2023



Senior General Min Aung Hlaing addresses Union government meeting 6/2023.

**Nay Pyi Taw November 2**

The Union government meeting 6/2023 took place at the meeting hall of the Office of the State Administration Council Chairman in Nay Pyi Taw this morning, with an address by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the meeting were Union ministers and officials together with the chairman of Nay Pyi Taw Council and chief ministers of regions and states through video conferencing.

**Measures taken by the government for ethnics with trust**

First, the Senior General delivered a speech, saying that MNDAA and TNLA combined troops attacked local security camps and departmental offices in Kokang region of northern Shan State on recent days. Likewise, transport facilities and local security camps were attacked in Kachin State. Although the government warned KIA not to deteriorate local peace and stability, it deployed the excessive strengths in attacking the security camp. So, the government conducted the counter-attacks against them due to security measures.

The Senior General recounted that he delivered a speech at the 8th anniversary of Nationwide Ceasefire Agreement (NCA) that if anyone follows the Constitution (2008) without harming the Our Three Main National Causes, the government will accept them to talks about peace. Now, relevant officials are striving for forging peace. At the meeting period, constructive acts could be done but they are making preparations to attacks. The government takes all measures with trust over ethnics. But, as they attack the government, the government will conduct counter-attacks against them.

**Supervising implementation of projects to have systematic processes**

The government is an organization to take responsibilities for development of the country. The ranks of Union ministers and deputy ministers are political positions. Staffs at different levels from the government departments have to implement the projects in detail under the policies adopted by the government. Although the governments change, government service personnel do not change. It is necessary to set records on projects and works undertaken in a term of government, and departmental personnel from relevant ministries have to implement these projects for accomplishments.

When the next government comes, it is their responsibility to continue to implement the projects and activities undertaken by the previous governments in the implementation of their policies. In a term of government, there will be international treaties, commitments and agreements. The next government must continue to implement them in line with their policy. The existing government is responsible for takeover and implementation regardless of they have been implemented or not. Therefore, when our government took responsibility, we are continuing to implement the projects that were carried out by the previous government and successive governments as much as possible. It is necessary to resume the projects and activities that have been stopped due to a certain reason. Therefore, it is necessary to re-examine the projects and activities that are being carried out by the ministries, regions and states in order to be able to continue to implement them. There have been some actions taken against responsible officials for not having implemented some projects in line with laws and policies. Therefore, there should be systematic measures in the implementation of project tasks.

**To succeed in one's responsibilities, it's essential to maintain the confidence that success is attainable**

Since ours is a country that conducts economic activities based on agriculture and livestock, we need to pay attention to the success of agriculture and livestock. In agriculture and livestock, major crops such as rice, beans, corn and oil crops, coffee and rubber, which are perennial plants, and major livestock items such as chickens, pork, goats and fish can be farmed in the country. According to the 2019 population and household census, more than 70 percent of the country's population lives in rural areas, and about 45 percent of the country's population is engaged in agriculture and related activities, so they are the main drivers of the country's economy and need to improve their manufacturing.

It is necessary to carry out manufacturing activities by producing industrial products with the products produced from agricultural and livestock activities. Product sales will occur only when there are products. Then, related services and financial activities will develop. Therefore, the State is encouraging the development of manufacturing activities. The development of MSMEs is being encouraged and national economic promotion funds are being provided to promote the national economy. The ministries, and region and state governments need to review whether these activities have been successful or not.

Activities are being carried out based on agriculture and livestock for the development of the country's economy. Therefore, it is necessary to review and assess whether or not the output of agricultural activities is according to the target objective, and whether or not the livestock activities have been successful.

As for myself, efforts will be made to improve the economic development of the country in accordance with the motto "Keep Moving Forward to Achieve Our Goal." If union ministers and chief ministers are determined to achieve tasks, progress can be made more than expected.

In connection with the cultivation of paddy, 13.17 million acre of monsoon paddy were put under paddy and the average yield amounted to 74.83 percent. The targeted yield for monsoon paddy was one hundred basket per acre. However, paddy cultivation in the entire country including under monsoon paddy cultivation, high land farming and other land amounted to 14.9 million acre of land and the yield amounted to 73.11 million. In carrying out agriculture tasks, seeds, land, water and techniques are applied systematically, yields will be higher. It is necessary to cultivate high yield pedigrees. In land preparations, it is important to utilize chemical and natural fertilizers systematically.

During the terms of the SAC, there is no shortage of water during the rainy season and there is no land deficiency but it is necessary to utilize cultivation methods correctly and to fully cultivate in plots. Instead of spreading seeds, they can be planted at seeds. Only when cultivation tasks can be carried out in respective states and regions, can the GDP increase. The country has low GDP in the regional country. Therefore, chief ministers of states and regions are required to exert efforts on agriculture and livestock breeding tasks and MSMEs based on them.

**Systematic measures to be carried out for success of tasks**

In carrying out tasks, it is necessary to do so in accordance with policies, rules and regulations and laws and similarly it is necessary to ensure responsibility and accountability not to delay the tasks. Therefore, it is necessary to check, recheck and counter check in carrying out tasks. It is important to compile checklists for daily tasks. Everyone is responsible for the success of tasks and to cooperate and coordinate.

Plans are drawn for each financial year and in drawing plans, it is necessary to draw plan that can be implemented successfully. If they cannot be implemented due to various reasons, they can damage the interests of the county a lot. Moreover, it is important to not violate the rules and regulations and laws in appointments, transfers and approvals of officials. It is important to create an environment to work tasks really successfully.

In reviewing the previous projects, it is learnt that our people needed to work actually. The government provides assistance to the sectors concerned as much as it can. For example, organizational measures are being taken to utilize land profitably in the agricultural businesses. If the ability of growing extra crops is improved, products will be manufactured more, which means it will be helpful to ensure an increase in earning income. As the State fulfilled the needs for availability of water needed for agricultural businesses, officials concerned need to find ways too. What the implementation is not practically done affects the development of the nation much. Therefore, to achieve the appropriate progress, union ministers and chief ministers of regions and states are urged to successfully implement the policies laid down by the government.

Afterwards, the union ministers reported on sector-wise matters.

In his concluding remarks, the Senior General said it is seen that there was an increase in collecting tax as measures were taken by expanding areas that tax should be See Page 13

# Narcotic drugs bound for Malaysia seized at 157 nautical miles south-west of Kawthoung

**Seven suspects captured at 157 nautical miles south-west of Kawthoung together with illicit drugs in their possession**


Min Min Soe (42)


Aung Min Thu (29)


Myint Tun (40)


Win Hlaing Oo (44)


Thura Oo (1) (29)


Yan Paing Soe (20)


Thura Oo (2) (23)


**The seized drugs in packages.**



**Packages that contain drugs.**

**Nay Pyi Taw November 2**

The government is launching counternarcotic campaigns with accelerated momentum as a national task to effectively curb the illegal drugs trade that is harmful to the entire mankind including new generation youths. It is increasing its drive to search and expose drugs and arrest the suspects along the possible drug routes and conducting joint anti-drug operations with neighbouring countries. Hence, transnational drug gangs are turning to the maritime routes that have advantages.


**The seized mechanized boat that was carrying narcotic drugs.**


**Suspects together with the seized drugs.**


**Photo shows the seized drugs.**


**The seized drugs in packages.**

Information about the transport of illicit drugs to Malaysia on 30 October 2023 by transnational gangs through the sea route was received in advance. Hence, the Tatmadaw (Navy) stopped and searched a mechanized boat sailing towards Malaysia at a place 157 nautical miles south-west of Kawthoung and arrested the suspects, Min Min Soe, Aung Min Thu, Thura Oo (1), Myint Tun, Yan Paing Soe, Win Hlaing Oo and Thura Oo (2) together with 2600 kilos of ICE at a street price of Ks 104 billion in packages bearing the letters "GUANYINWANG" in their possession.

During the investigation, the suspects told the Navy personnel that Nyi Nyi, who was still at large, made connections with Malaysian drug gangs and was sending illicit drugs to them by sea; and that when the boat arrived at the Malaysian waters, they would transfer the drugs to the Malaysia drugs gang Nyi Nyi would connect with them.

Severe legal action will be taken against the suspects, and ongoing efforts are underway to capture all the persons, including fugitive Nyi Nyi, who are involved in the case. According to the authorities, information about the illicit drug trade can be sent to the respective bodies through clandestine means and those who provide information and take part in arresting the culprits will be awarded with handsome awards secretly.

100

---

**From Page 12**

collected without raising any tax rate. The ministries responsible in relation to tax need to fully collect taxes that should be paid for the State.

Regarding the manufacturing industry, there are two types of manufacturing businesses: one that is operated depending on the built environment and the other that is operated without any environmental impact. The business to extract natural resources depending on the built environment is to be careful and such business is operated with restrictions internationally. Agriculture and livestock businesses could be operated without any impact on the built environment. There are factories based on products of agriculture and livestock and factories and workshops owned by ministries as well. It is necessary to take measures to ensure the best achievement in their commodity production and operation of businesses.

With the aim of leaving an inheritance to the new generation, having the spirit to love the nation and preserving our traditional culture, the traditional cultural performing arts competitions were resumed. The 24th Myanmar Traditional Cultural Performing Arts Competition, which successfully took place, was attended by myself and cheered with respect. Efforts for manpower, money and time were made for it as it was a big event to be held according to the national characteristics. It is necessary for all to work together to support such a sort of big event.

100

# 530 container ships arrive at Yangon international ports in 10 months



A container ship docked at Yangon international port.

**Yangon November 2**

During the period from January to September 2023, 530 container ships arrived at Yangon international ports and carried out cargo operations, according to the Myanmar Port Authority.

In January 52 cargo ships arrived at the international ports in Yangon Region, in February 51, in March 55, in April 50 ships, in May 56, in June 57, in July 53, in August 54, in September 53 and in October 49 totalling 530.

"The arrival of cargo ships from international shipping lines at Yangon International Ports from January to October this year is 530. Those containers are from 20 international shipping lines. This November, 50 container ships from 15 international shipping lines will arrive," said U Zaw Tun Lwin of MPA.

According to the MPA, more international container and general cargo ships have entered Yangon ports since May 2021, and more than 11,000 containers and 115,000 metric tons of general cargo have been handled.

By expanding the operation of such new container ships, enough space and equipment will be available for exports, and as a result, commodities could be exported without the need to book. In addition, due to the discovery of a new waterway in the Yangon River, international seagoing vessels with a depth of 10 meters can now enter and leave Thilawa Port, where the water depth limit has been increased. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 40-day literacy programme on Myanmar and mathematics to be implemented in regions and states

**Nay Pyi Taw November 2**

Forty days of literacy programme for the Myanmar language and mathematics will be conducted in December, according to the Ministry of Education.

The forty-day literacy work in Myanmar and mathematics will be implemented in the regions and states of Myanmar starting December this year. In doing so, priority will be given to indigenous people in the regions and states and in remote rural areas.

The campaign will target those with little knowledge about Myanmar and mathematics. Therefore, priority will be given to young people at the age of 15 and above, adults and elders.

The program will be implemented in collaboration with the relevant region/state governments starting in December 2023.



A literacy programme being carried out.

The programme will start in the townships of Shan and Kachin states and in some regions.

Moreover, informal literacy programmes and informal primary and middle school education programmes have started this year. 336

# Thabaung Township completes cultivation of more than 68,000 acres of monsoon this year

**Thabaung November 2**

Thabaung Township of Pathein District in Ayeyawady Region has cultivated 68,297 acres of monsoon paddy this cultivation season, said U Win Soe, Head of Pathein District Agriculture Department.

The township set a target of growing 68,297 acres of monsoon paddy this cultivation season. So far, local farmers have cultivated all targeted acres of monsoon paddy. Their cultivation was provided aid by officials from the Agriculture Department, the Irrigation and Water Utilization Management Department and the Agricultural Mechanization Department in addition to relevant organizations.

"Township targeted to grow 68,297 acres of monsoon paddy. Now, local farmers cultivated monsoon paddy meeting the target. Township Agriculture Department provided agricultural techniques to local farmers. The department created links for those farmers to purchase quality paddy seeds to them," said U Win Soe.

Staff members of Agriculture Department and Irrigation and Water Utilization Management Department cooperate with each other in prevention of danger of snails in the paddy fields. This year, monsoon paddy is placed under cultivable lands in Aungtet, Hlaygyitet, Ngawun Dauntgyi, Shwetaunggyigon, Seebyukwin, Hngetpyawtaw, Mezali Kwinpauk and Kwinkauk villages.

Kyaw Kyaw Lin

# Kyaiklat Township sends long egg-plants to Pyapon Township

**Kyaiklat November 2**

Kyaiklat Township of Pyapon District in Ayeyawady Region distributes 20 baskets of 500 long eggplants each to Pyapon on a daily basis, said Daw Ei Ei Htwe, seller of green grocery in Kyaiklat recently.

Kyaiklat Township sends 10 baskets of long egg plants to Pyapon in the first week of October, compared with 20 baskets per day starting from the second week. Long eggplants are plunked in the township for the second time this year.

"Currently, long eggplants are harvested in the township. Generally, local growers send domestic green groceries to Pyapon District market. This year's fruits are free from pests. Such a fruit fetches good prices in the market rather than last months. So, local growers can earn increased income. At present, they double selling of eggplants, rather than previous months," she added.

Local growers distribute long eggplants to domestic green grocery merchants in Pyapon vial brokerages.

Kyaw Kyaw Lin



Long eggplants for sale at a market.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းစစ်ဘက်က ပြည်တွင်းထုတ် Heavy Shot ဒရုန်း ၂၀၆ စင်း ဝယ်ယူခဲ့



ယူကရိန်းစစ်ဘက်သည် ပြည်တွင်းထုတ် Heavy Shot ဒရုန်း ၂၀၆ စင်းကို မကြာသေးမီက ဝယ်ယူခဲ့ကြောင်း Ukrainska Pravda သတင်းဌာနက အောက်တိုဘာ ၂၆ ရက်တွင် ဖော်ပြထားသည်။

အဆိုပါဝယ်ယူမှုများကို ဒရုန်းများ အသုံးပြုစစ်ဆင်ခြင်းဖြင့် ယူကရိန်းစစ်ဘက်၏စွမ်းရည်များ အားကောင်းစေရန် ရည်ရွယ်လုပ်ဆောင်နေသည့် ကြည်းတပ်ဒရုန်းတပ်ဖွဲ့ (Army of Drones) အစီအစဉ်အရ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီး Mykhailo Fedorov သည် အဆိုပါ Heavy Shot ဒရုန်းများ၏ ဘက်စုံအသုံးပြုနိုင်မှုကို အလေးပေးဖော်ပြခဲ့ကာ ထိုနေ့တွင်ပင် တိုက်ပွဲဝင်ဖြန့်ကြက်ချထားကြောင်း တရားဝင်ကြေညာခဲ့သည်။

စစ်ဆင်ရေး အခန်းကဏ္ဍများတွင် ရန်သူခြေလျင်တပ်များ၊ စစ်လက်နက်ပစ္စည်းများ၊ သိုလှောင်ရုံများနှင့် ထိန်းချုပ်ရေးနေရာများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည်။

ဝယ်ယူထားသော Heavy Shot ဒရုန်း ၂၀၆ စင်းကို ရှေ့တန်းသို့ပို့ဆောင်ခြင်းသည် ယူကရိန်း၏ Army of Drones အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ခြင်းအတွက် သိသာထင်ရှားသောမှတ်တိုင်တစ်ခုဖြစ်သည်။ ဤအစီအစဉ်သည် ယူကရိန်းစစ်ဘက်၊ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများပါဝင်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ယူကရိန်းစစ်ဘက်တွင် ဒရုန်းများအသုံးပြုမှုကို အဆင့်မြှင့်တင်ခြင်းနှင့်တိုးချဲ့ခြင်းတို့အတွက် အဓိကရည်ရွယ်ထားကာ ရုရှား၏လေကြောင်းစွမ်းအားသာလွန်မှုအပေါ် တန်ပြန်လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။

ပဋိပက္ခစတင်ကတည်းက ယူကရိန်းသည် ထောက်လှမ်းရေးနှင့်တိုက်ခိုက်မှုများအတွက် ဒရုန်းများကိုအသုံးပြုခဲ့ကြသည်။ အဆိုပါဒရုန်းများသည် သမားရိုးကျ တိုက်လေယာဉ်များလောက် တိုက်စွမ်းအားမမြင့်မားသော်လည်း ယူကရိန်း၏ စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးပြီး ရုရှားတပ်များကို ထိရောက်စွာ တန်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဒရုန်းများသည် ယူကရိန်း၏ ကာကွယ်ရေးနှင့်တိုက်စစ်စွမ်းရည်ကို သိသိသာသာ မြှင့်တင်ရန် အရေးပါနေသောကြောင့် Army of Drones တပ်ဖွဲ့၏ ပဏာမခြေလှမ်းအနေဖြင့် Heavy Shot ဒရုန်း ၂၀၆ စင်းဝယ်ယူမှု၏ အရေးပါမှုကို လျှော့တွက်၍မရပေ။ Heavy Shot ဒရုန်းများသည် ရန်သူခြေလျင်တပ်များနှင့် ချိတ်ဆက်ရန်အပြင် ဂိုဒေါင်များ၊ ကွပ်ကဲမှုစခန်းများနှင့် အပေါ့စားသံချပ်ကာယာဉ်များကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် အကောင်းဆုံး အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Heavy Shot ဒရုန်းကို ယူကရိန်းနိုင်ငံ Gurzuf Defence ကုမ္ပဏီက ပြည်တွင်း၌ အပြည့်အဝ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကုမ္ပဏီသည် Heavy Shot ဒရုန်းများကို အမေရိကန်ဒေါ်လာ ၁၀၀၀၀ မှ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကြားဈေးနှုန်းများဖြင့် ထုတ်လုပ်ပေးထားခြင်းဖြစ်ပြီး ယူကရိန်းတပ်ဖွဲ့များအတွက် ကုန်ကျစရိတ်သက်သာသော ရွေးချယ်မှုတစ်ခုလည်းဖြစ်သည်။

ဒရုန်းသည် စစ်ဆင်ရေးအကွာအဝေး ကီလိုမီတာ ၂၀ ထိ မောင်းနှင်နိုင်ပြီး အလေးချိန် ၁၀ ကီလိုဂရမ်မှ ကီလိုဂရမ် ၄၀ ထိလေးသော ခဲယမ်းမီးကျောက်များကို သယ်ဆောင်နိုင်သည်။

**Ukrainian Army receives 206 Heavy Shot drones from Army of Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်တဂွန်စစ်ဌာနချုပ်က တိုက်ချင်းပစ်ဒုံးကျည် (ICBM) ကို စမ်းသပ်မှုပြုလုပ်ခဲ့



ပင်တဂွန်စစ်ဌာနချုပ်သည် နျူကလီးယားလက်နက်စွမ်းရည်ကိုပြသရန် Minuteman III တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစား (ICBM) ကို ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ Vandenberg အာကာသတပ်ဖွဲ့အခြေစိုက်စခန်း၌ စမ်းသပ်ခဲ့ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် Pat Ryder က အောက်တိုဘာ ၃၁ ရက်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

Silo-Launched ဒုံးကျည်ကို ထိပ်ဖုံးမတပ်ဘဲ မြေအောက်ဂိုဒေါင်အတွင်းမှ ပစ်လွှတ်စမ်းသပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ဒီစမ်းသပ်မှုက မဟာမိတ်တွေဆီ အာမခံချက်ရှိတဲ့ သတင်းစကားပေးပို့ရင်းနဲ့ ကျွန်ုပ်တို့ရဲ့ မဟာဗျူဟာမြောက် အဟန့်အတားစနစ်ရဲ့ ထပ်တလဲလဲနဲ့ယုံကြည်စိတ်ချရမှုကို ပြသနေပါတယ်"ဟု Ryder က သတင်းထောက်များကို ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံလေတပ်၏ ကမ္ဘာလုံးဆိုင်ရာ တိုက်ခိုက်ရေးကွပ်ကဲမှုဌာနချုပ် (US Air Force Global Strike Command)သည် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ Vandenberg အာကာသတပ်ဖွဲ့ အခြေစိုက်စခန်းမှပင် Minuteman III တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ပြီး ယခုလို ထပ်မံစမ်းသပ်သည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်

အဆိုပါစမ်းသပ်မှုကို ကြိုတင်စီစဉ်ထားပြီး လုပ်ရိုးလုပ်စဉ်လုပ်ဆောင်ချက်တစ်ရပ်အဖြစ် ဖော်ပြခဲ့သည်။ သို့သော်လည်း ရုရှား-ယူကရိန်းပဋိပက္ခ၏ ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ မြင့်တက်လာမှု၊ အစ္စရေး-ဟားမတ်စ်ပဋိပက္ခပြင်းထန်လာမှုနှင့် အမေရိကန်-တရုတ် ဆက်ဆံရေး ယိုယွင်းလာနေသည့်ကြားမှ စမ်းသပ်မှုလုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ရုရှားနှင့် တရုတ်နိုင်ငံတို့ကြား နားလည်မှုလွဲမှားခြင်းများဖြစ်လာနိုင်သည့်အတွက် ယခင်နှစ်က ICBM စမ်းသပ်မှု အနည်းဆုံးနှစ်ကြိမ် ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ခဲ့သည်။

တရုတ်(တိုင်ပေ) ကမ်းလွန်တွင် တရုတ်တပ်ဖွဲ့များ လေ့ကျင့်မှုပြုလုပ်နေသည့်တစ်ချိန်တည်းမှာပင် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ပြုလုပ်ရန်စီစဉ်ထားခဲ့သော တိုက်ချင်းပစ် ဒုံးကျည်စမ်းသပ်မှုကို အမေရိကန်က အချိန်ရွှေ့ဆိုင်းခဲ့သည်။ ရုရှားနိုင်ငံ နျူကလီးယားတပ်ဖွဲ့များတိုက်ပွဲဝင်အသင့် တပ်လှန်ထားချိန်၌ ယူကရိန်းအကျပ်အတည်းကို တိုးမြှင့်လာစေမည့် အန္တရာယ်များကိုတွက်ချက်၍ Minuteman III တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်မှုကို ဖျက်သိမ်းလိုက်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က သတ်မှတ်အချိန်ကာလထက် လေးလစော၍ ကြေညာခဲ့သည်။

Minuteman III တိုက်ချင်းပစ်ဒုံးကျည်ကို ၁၉၇၀ ပြည့်နှစ်တွင် စတင်အသုံးပြုခဲ့ပြီး မူလကဆယ်နှစ်ခန့်သာ တာဝန်ထမ်းဆောင်ရန် ရည်ရွယ်ခဲ့သော်လည်း ၎င်းအစားအဆင့်မြှင့်တင်မှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည်။ ၎င်းကို အစားထိုးမှုဖြစ်သော Ground-Based Strategic Deterrent (GBSD) မြေပြင်အခြေစိုက် မဟာဗျူဟာမြောက် အဟန့်အတားစနစ်ကို ၂၀၂၉ ခုနှစ်တွင် စတင်အသုံးပြုနိုင်ရန် စီစဉ်ထားခဲ့သည်။

သို့သော်လည်း အမေရိကန်လေတပ်အတွင်းဝန် Frank Kendall က ICBM စနစ်သစ်သည် သတ်မှတ်အချိန်ကာလအတွင်း တိုက်ပွဲဝင်အသင့်တပ်ဖြန့်သုံးရန် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ယခုနှစ်အစောပိုင်းက အမေရိကန်လွှတ်တော်အမတ်များကို ပြောကြားခဲ့ဖူးသည်။

တစ်ချိန်တည်းမှာပင် အရှေ့အလယ်ပိုင်းရှိ အမေရိကန်အခြေစိုက်စခန်းများကို ဒရုန်းနှင့် ဒုံးကျည်များဖြင့် မကြာသေးမီက တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အီရတ်တွင် ၁၆ ကြိမ်နှင့် ဆီးရီးယားတွင် ၁၁ ကြိမ်အပါအဝင် တိုက်ခိုက်မှု ၂၇ ကြိမ်သည် အီရန်ကျောထောက်နောက်ခံပြု ပြည်သူ့စစ်များ လက်ချက်ဖြစ်ကြောင်း သတင်းထောက်များကို Ryder က ထုတ်ဖော်ပြောကြားခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်က အီရန်အစွလာမ့်တော်လှန်ရေးအစောင့်တပ်မှ အသုံးပြုနေသည်ဟု စွပ်စွဲခံထားရသော ဆီးရီးယားအရှေ့ပိုင်းရှိ အဆောက်အအုံနှစ်ခုကို အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက်တွင် အမေရိကန် စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်မှု ခြောက်ကြိမ်ဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Pentagon announces ICBM test ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ ပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စေတနာရှင်ပြည်သူများက ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် စေတနာရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါစေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို ရန်ကုန်မြို့မှ တစ်ဆင့် လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့်ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့်ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့်ရောက်ရှိလာသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။




အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဒံပေါက်ဘူးများ ထုပ်ပိုးနေမှုကို တွေ့ရစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဒံပေါက်ဘူးများကို တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဒံပေါက်ဘူးများထုပ်ပိုးထားမှုကို တွေ့ရစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဒံပေါက်ဘူးနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

# မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ရှိ ရွှေဟောင်းသမိုင်းဝင်ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရား သိမ်တော်ကြီးအား ပြန်လည်ပြုပြင်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး စစ်တွေမြို့ရှိ ရွှေဟောင်းသမိုင်းဝင်ဦးရဲကျော်သူကျောင်းတိုက် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိစဉ် ခရီးစဉ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ ရွှေဟောင်းသမိုင်းဝင်ဦးရဲကျော်သူကျောင်းတိုက်၊ ပင်မကျောင်းဆောင်နှင့် ကျောင်းတိုက်အတွင်းရှိ သကျမုနိဘုရား သိမ်တော်ကြီးတို့အား မူလလက်ရာအတိုင်း ရှေးမူမပျက် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် လမ်းညွှန်မှာကြားချက်အရ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရေးအဖွဲ့ တာဝန်ရှိသူများနှင့်အတူ အဆိုပါကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရား သိမ်တော်ကြီးတို့ကို ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ သိမ်တော်ကြီးအတွင်း အရောင်မတူ ပျက်စီးနေသည့် ကြွေပြားဟောင်းများခွာ၍ ကြွေပြားအသစ်များ အစားထိုးပြုပြင်ခြင်း၊ အတွင်း၊အပြင် မီး၊ရေလိုင်းများ ပြုပြင်ခြင်း၊ ဘုံလေးဆင့်အတွင်း အမိုးဖရိန်နှင့် အတက်အဆင်းလှေကားများပြုပြင်ခြင်း၊ သံပန်းနာရီစင်အား မူလအတိုင်း အချိန်နှင့်အသံညွှန်ပြမှုပါရှိအောင် အစားထိုးပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြဖူးမြော်ကန်တော့ကြရာ ဆရာတော်က ဝမ်းမြောက်စကားပြန်လည်မိန့်ကြားသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

# ပြည်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဗိုလ်တစ်ထောင်ရပ်ကွက်ရှိ သာသနာ့ဝေပုလ္လကာရီ သီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင် ၉၄ ပါးတို့ကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ ဆီးချိုရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



သာသနာ့နွယ်ဝင်သီလရှင်များအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ရုရှားရေတပ်မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ





ရုရှားရေတပ်မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

ရုရှားရေတပ်မှ ဖျက်သင်္ဘော (Destroyer)များဖြစ်သည့် စစ်ရေယာဉ် Admiral Tributs၊ Admiral Panteleev နှင့် Sea Tanker Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Aleksei Anciferov ဦးစီး၍ အရာရှိ၊ စစ်သည်စုစုပေါင်းဦးရေ ၈၀၀ ခန့် လိုက်ပါလာပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase) ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အီလက်ထရောနစ် နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာ

၁။ ၂၀၁၄ ခုနှစ်ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့်အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှသက်ဆိုင်ရာ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များ တည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကိုတွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Bookများ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေ ပုဒ်မ ၁၅နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅ (ခ)နှင့်အညီ E-Book Soft Copy ငါးအုပ်၊ ငါးစောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန် လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့်ပွဲတော်တွင် အင်းလေးရိုးရာလှေပြိုင်ပွဲများကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၂**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံပြီး နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ရေသာကုန်းကျေးရွာကျောင်းမှ မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်ခဲ့သည်။ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့်ပွဲတော်တွင် အင်းလေးရိုးရာလှေပြိုင်ပွဲများ ပါဝင်ကျင်းပယှဉ်ပြိုင်လျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက တက်တက်ကြွကြွစည်းလုံးညီညွတ်စွာပါဝင်ယှဉ်ကြပြိုင်ကြပြီး ဒေသခံပြည်သူများကလည်း သောင်းသောင်းဖြဖြ ကြည့်ရှုအားပေးကြကြောင်း သိရသည်။



အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့်ပွဲတော်ကျင်းပစဉ်။

အင်းလေးရိုးရာလှေပြိုင်ပွဲတွင် အုပ်စုပွဲ၊ အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲယှဉ်ပြိုင်ကျင်းပလျက်ရှိရာ အုပ်စုပွဲကို အောက်တိုဘာ ၃၁ ရက်တွင်ယှဉ်ပြိုင်ရာ အမျိုးသားရာကျော်လှေပြိုင်ပွဲဝင် ၁၂ သင်း၊အမျိုးသား ၄၆ တက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ရှစ်သင်း၊အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင် လေးသင်း ယှဉ်ပြိုင်ကြပြီး အနိုင်ရရှိသည့်အသင်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှေပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့သည်။

ထို့နောက် အကြိုဗိုလ်လုပွဲ၊ ဗိုလ်လုပွဲကို နိုဝင်ဘာ ၁ ရက် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့်ပွဲတော်တွင် အမျိုးသားရာကျော်လှေ လေးသင်း၊ အမျိုးသား ၄၆ တက်လှေပြိုင်ပွဲတွင် လေးသင်း၊အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင် နှစ်သင်း၊ ကျောင်းသား ၄၆ တက်ပြိုင်ပွဲတွင် နှစ်သင်း၊ ကျောင်းသားတစ်ဦးချင်းပြိုင်ပွဲတွင် လေးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး အမျိုးသား ၄၆ တက်လှေပြိုင်ပွဲ ဗိုလ်လုပွဲ၊ ရာကျော်လှေဗိုလ်လုပွဲနှင့် အမျိုးသမီး ၂၆ တက်အင်းသားရိုးရာလှေပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်လှော်ခတ်ကြသည်။

အင်းသားရိုးရာလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အင်းလေးသူအင်းလေးသားတို့သည် ပြိုင်ပွဲအမျိုးအစားအလိုက် အားကစားစိတ်ဓာတ်ပြည့်ဝစွာဖြင့် နိုင်မခံအရှုံးမပေးဘဲခြေထောက်ကို အသုံးပြု၍ လှေကိုလှော်ခတ်ကြပြီး အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အခမ်းအနား တက်ရောက်လာကြသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်ကြသူများက လက်ခုပ်လက်ဝါးများတီး၍ အိုးစည်ဗုံမောင်းများဖြင့် စည်ကားသိုက်မြိုက်စွာတစ်ခဲနက် အားပေးကြသည်။ ဗိုလ်လုပွဲတွင် ပထမ၊ ဒုတိယနှင့် နှစ်သိမ့်ဆုရရှိသောအသင်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူတို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲသည် အင်းလေးတစ်နေရာမှလွဲ၍ မြန်မာတွင်မက ကမ္ဘာတွင်မရှိသော အင်းသားတို့၏ကိုယ်ပိုင်အားကစားနည်းဖြစ်ပြီး ခြေထောက်ဖြင့်လှော်ခတ်ရသော ရိုးရာလှေလှော်ပြိုင်ပွဲကြီးပင်ဖြစ်ကြောင်း၊ အမျိုးသမီး ၂၆ တက်လှေပြိုင်ပွဲ၊ အမျိုးသား ၄၆ တက်လှေပြိုင်ပွဲနှင့် အမျိုးသားရာကျော်လှေလှော်ပြိုင်ပွဲများပါဝင်ပြီး ညီညွတ်မှုကို အဓိကအသားပေးကာ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြသည့် ဂုဏ်ယူဖွယ်ရာအင်းသားရိုးရာလှေလှော်ပြိုင်ပွဲကြီးဖြစ်ကြောင်း သတင်းရရှိသည်။





အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ရှင်တော်မြတ်များ မူလစံကျောင်းတော်သို့ ပြန်လည်ကြွဝင်သည့်ပွဲတော်တွင် အင်းလေးရိုးရာလှေပြိုင်ပွဲများကို ဒေသခံပြည်သူများ ကြည့်ရှုအားပေးစဉ်။

# မိုင်းဆတ်မြို့နယ် ကောင်းမှူတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိုင်းဆတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်ချက်များဖြင့် ကျေးရွာသုံးရွာအတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကောင်းမှူတန်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကောင်းမှူတန်ကျေးရွာ၊ ပန်ဟိုင်းကျေးရွာနှင့် ဝမ်မိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

ဆည်မြောင်း ချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်ထံ KIA နှင့် PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်း မရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော KIA နှင့် PDF အဖွဲ့ဝင် ၁၀ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် AK-47 လေးလက်၊ KO လက်နက်ငယ် နှစ်လက်၊ AK-47 (၄၀)တွဲ တစ်လက်၊ 79 နှစ်လက်၊ စနိုက်ပါ တစ်လက်နှင့် ၅ ဒသမ ၅၆ ကျည်အတောင့် ၄၅၀၊ ၇ ဒသမ ၆၂ စနိုက်ပါကျည်တောင့် ၁၅၀၊ ၄၀ မမဗုံးသီး ၂၉လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး ၁၆ လုံး၊ ကျည်အိမ်မျိုးစုံ ၂၇ခုနှင့် ဆက်စပ်ပစ္စည်းများကိုအပ်နှံကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၁၆၅ သိန်း ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ဆက်လက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ပြစ်မှုကျူးလွန်ခြင်းမရှိသော ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မှ PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦးတို့ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် သက်န်းညိုနောင်တပ်နယ်မြဝတီခန်းမ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်၊ ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကျိုက်ထိုမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ပဲခူးမှ မြဝတီဘက်သို့ ရဲမင်းအောင်မောင်းနှင်လာသည့် CHENG LONG TIPPER ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲ၌ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ အမှတ်(၂)ရွာမရပ်ကွက် မြို့စိုးလမ်းရှိ ကျော်ဆွေ ပိုင်ဆိုင်သည့် မင်္ဂလာခန်းမ(၁)ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ဒသမ ၇ သိန်း၊ TOYOTA COROLLA AXIO မော်တော်ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Sai Minmin Myo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)နေ စိုင်းမင်းမင်းမျိုး(ခ)လုံးလုံးကို ညနေ ၄ နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ "U Lay Gyi"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာနေလှိုင်မိုးကို ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "HlaphoneMyint" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက်နေ လှဖုန်းမြင့်ကို ည ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အကာပူလ်ကိုနယ်မြေတွင် မုန်တိုင်းဒဏ်သင့်ပြန်လည်ထူထောင်ရေးအတွက် ကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ အသုံးပြုသွားရန်လျာထား



**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂**

မက္ကဆီကိုနိုင်ငံ အကာကူလ်ကိုနယ်မြေတွင် အိုတစ်မုန်တိုင်းကြောင့် ဒေသခံအမြောက်အမြားသေဆုံးခဲ့ပြီး နေအိမ်နှင့် အဆောက်အအုံအမြောက်အမြား ပျက်စီးခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံထိ အသုံးပြုသွားရန်လျာထားကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းဒဏ်သင့်ခဲ့သော အကာပူလ်ကိုနယ်မြေမှ ဒေသခံများကို မက္ကဆီကိုအစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးပြီးသည်ထိ အခွန်ကင်းလွတ်ခွင့် ပြုသွားမည်ဖြစ်သကဲ့သို့ နေရပ်စွန့်ခွာခဲ့ရသော ဒေသခံများကိုလည်း ကူညီပံ့ပိုးရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ အကာပူလ်ကိုနယ်မြေအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံထိအသုံးပြုပါမယ်။ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ များတယ်။ ဒေသခံတွေအနေနဲ့လဲ နေရပ်ကို မပြန်နိုင်သေးတဲ့အချိန်ဖြစ်တယ်။ မုန်တိုင်းဒဏ်သင့်ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမှာပါ" ဟု မက္ကဆီကို ဘဏ္ဍာရေးဝန်ကြီး ရာမီရက်ဇ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အင်ဒိုနီးရှားတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်သဖြင့် အဆောက်အအုံများပျက်စီး

**ဂျကာတာ နိုဝင်ဘာ ၂**

အင်ဒိုနီးရှားနိုင်ငံ တီမောကျွန်းတွင် နိုဝင်ဘာ ၂ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သဖြင့် အဆောက်အအုံများနှင့် နေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားမိုးလေဝသရာသီဥတုနှင့် ဘူမိရူပဆိုင်ရာအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် အင်ဒိုနီးရှားနိုင်ငံ အရှေ့နုဆာတန်ဂါရာပြည်နယ် မြို့တော်ကူပန်၏ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာအကွာ မြေအောက်အနက် ၂၂ ဒသမ ၄ မိုင်တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြည်နယ်အတွင်းရှိ မြို့ကြီးများနှင့် ကျေးရွာများ၌ ပြင်းထန်စွာလှုပ်ခတ်သွားသော်လည်း လူထိခိုက်သေဆုံးမှုများမရှိဘဲ အဆောက်အအုံများပျက်စီးခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်းများသာ ဖြစ်ပေါ်ခဲ့ကြောင်း အင်ဒိုနီးရှားမိုးလေဝသရာသီဥတုနှင့် ဘူမိရူပဆိုင်ရာအေဂျင်စီမှ အကြီးတန်းအရာရှိ ဒါရီယိုနိုက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့တော်ဝန်ရုံးတို့တွင်လည်း ရုံးမျက်နှာကြက်အမိုးများ ပြိုကျပျက်စီးခဲ့သည်ဟု မျက်မြင်သက်သေတချို့က ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဗီဒီယိုဖိုင်များလွှင့်တင်ခဲ့ကြကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ငလျင်လှုပ်ခတ်မှုနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ကလည်း အနောက်ဂျာဗားကျွန်း၌ လှုပ်ခတ်ခဲ့သော ပြင်းအား ၆ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၆၀၂ ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင်လည်း ဆူနာမီလှိုင်းများကြောင့် ဆူလာဝေစီပြည်နယ်တွင် လူဦးရေ ၄၃၀၀ ကျော် သေဆုံးခဲ့သေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ပေကျင်းမြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလက နှစ်ပေါင်း ၆၀ အတွင်း ဒုတိယမြောက်အပူချိန်အမြင့်ဆုံး အောက်တိုဘာလဖြစ်ခဲ့

**ပေကျင်း နိုဝင်ဘာ ၂**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလက အပူချိန် ၁၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၃ ဒသမ ၄ ဒီဂရီစင်တီဂရိတ်မြင့်မားခဲ့သဖြင့် နှစ်ပေါင်း ၆၀ အတွင်း ဒုတိယမြောက် အပူချိန်အမြင့်ဆုံး အောက်တိုဘာလ ဖြစ်ခဲ့သည်ဟု တရုတ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပေကျင်းမြို့တွင် ပုံမှန်အားဖြင့် လေအေးတိုက်ခတ်မှုနှုန်းလည်းမြင့်မားလေ့ရှိသကဲ့သို့ အအေးဓာတ်မြင့်မားသော်လည်း ယခုနှစ် အောက်တိုဘာလက လေအေးတိုက်ခတ်မှုနှုန်း လျော့နည်းခဲ့ကြောင်း၊ ပေကျင်းမြို့အပြင် တရုတ်နိုင်ငံ မြောက်ဘက်ပိုင်းရှိ ဒေသများတွင်လည်း အောက်တိုဘာလအတွင်း ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက်မြင့်မားခဲ့ကြောင်း တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ပုံမှန်အားဖြင့် အောက်တိုဘာလမှာ လေအေးတိုက်ခတ်လေ့ရှိပြီး အအေးဓာတ်တွေ စတင်မြင့်မားလေ့ရှိပါတယ်။ ဒီနှစ်မှာတော့ အောက်တိုဘာလအတွင်း အပူချိန်မြင့်တက်ခဲ့သလို ပုံမှန်တိုက်ခတ်လေ့ရှိတဲ့ လေအေးတိုက်ခတ်တာ



တွေလဲမရှိခဲ့ဘူး။ မှတ်တမ်းတွေအရတော့ ပေကျင်းမြို့မှာ အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့တဲ့အပူချိန်ဟာ နှစ်ပေါင်း ၆၀ အတွင်း ဒုတိယမြောက်အပူချိန်အမြင့်ဆုံး အောက်တိုဘာလဖြစ်ခဲ့ပါတယ်။ အရှေ့ဘက်နဲ့ အနောက်ဘက်ပိုင်းဒေသတွေမှာ လေအေးတိုက်ခတ်မှုတွေရှိခဲ့ပေမဲ့ မြောက်ဘက်ပိုင်းမှာ လေအေးတိုက်ခတ်မှုနှုန်းက အရမ်းနည်းပါးခဲ့တယ်။ အလားတူ တောင်ဘက်ပိုင်းဒေသတွေမှာလဲ ပုံမှန်တိုက်ခတ်လေ့ရှိတဲ့ လေအေးတိုက်ခတ်တာ နည်းပါးခဲ့ပါတယ်"ဟု တရုတ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျန်မင်ရင်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။



၃။ အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။




# ပြင်သစ်နိုင်ငံတွင် စီအာရန်မုန်တိုင်းတိုက်ခတ်သဖြင့် မိုးသည်းထန်စွာရွာသွန်းလျက်ရှိ

**ပဲရစ် နိုဝင်ဘာ ၂**

စီအာရန်ဟု အမည်ပေးထားသောမုန်တိုင်းသည် နိုဝင်ဘာ ၁ ရက်က ပြင်သစ်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသဖြင့် မုန်တိုင်းဝင်ရောက်နေသည့်ကာလအတွင်း နေအိမ်အတွင်း၌သာနေထိုင်ရန် ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားပြီး မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည့် နယ်မြေများရှိ မီးရထားခရီးစဉ်များကိုလည်း ယာယီ ရပ်ဆိုင်းထားကြောင်း ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံ ဟောက်ဒီဖရန့် မြောက်ဘက်ပိုင်းနှင့် ဂီရွန်နယ်မြေတို့တွင်လည်း မုန်တိုင်းအန္တရာယ် သတိပေးချက် အနီရောင်အဆင့် အဖြစ်သတ်မှတ်ထားပြီး လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း၊ စီအာရန်မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၆ မိုင်နှုန်းထိ မြင့်တက်သွားဖွယ်ရှိနေပြီး မိုးရေချိန်မှာလည်း ၅၀ မီလီမီတာထိ မြင့်တက်လာနိုင်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ခဲ့သည့် နယ်မြေများတွင် မုန်တိုင်းဒဏ်သင့် ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးရန် ကယ်ဆယ်ရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၃၂၀၀ ကျော်ကို တပ်ဖြန့်နေရာယူထားစေပြီးဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် သစ်ပင်ကြီးများလဲကျနိုင်သကဲ့သို့ ဓာတ်တိုင်များလည်းလဲကျနိုင်သည့်အတွက် မလိုအပ်ဘဲအပြင်သို့သွားလာခြင်းမပြုရန် နေအိမ်အတွင်း၌သာနေထိုင်သွားရန်လည်း သတိပေးချက်များ အဆက်မပြတ်ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။


အလားတူ မုန်တိုင်းဗဟိုပြုတိုက်ခတ်သွားခဲ့သော ဘရစ်တနေနယ်မြေတွင် မော်တော်ယာဉ်များမောင်းနှင်အသုံးပြုခြင်းကို ယာယီတားမြစ်ထားကြောင်း ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

0 w Kv M @

# ပင်မြင့်စံတိုင်း ပန်းသဇင်မဟုတ်ပါ

ဝင်းမင်း(ဖန်ခါးမြေ)




(၁)

ခင်မင်မှုကာလသည် တစ်နှစ်ပင်ကျော်လာသော်လည်း စုလှိုင်အပေါ်တွယ်တာရသည့် သံယောဇဉ်က တစ်နှစ်ဆိုသောအချိန်ထက်ပင် ပိုလွန်းရပါသည်။ စုလှိုင်ကို သူငယ်ချင်းထက်ပိုသည့်ချစ်ခြင်းမေတ္တာများဖြင့် လင်းထက်ချစ်မိခဲ့ရပြီ။

စုလှိုင်နှင့်စကားပြောတိုင်း စုလှိုင်၏ရယ်သံလွင်လွင်လေးက လင်းထက်နားထဲ ချိုသာသည့် ဆည်းလည်းခတ်သံသကဲ့သို့ သာယာဖွယ်ရှိလှသည်။ နေ့တိုင်းတွေ့မြင်နေရသော်လည်း စုလှိုင်၏အလှက လင်းထက်အတွက် ရိုးမသွားသည့်အပြင် ကြည့်၍ပင် မဝနိုင်ခဲ့ပါ။ စုလှိုင်ရှိရာအဆောင်သို့ ညနေခင်းတိုင်း သွားဖြစ်သည်။ စကားများလည်းပြောဖြစ်သည်။ စုလှိုင်နှင့်အတူညနေခင်းလေးများ ကျော်ဖြတ်ပြီးမှ လင်းထက်၏ တစ်နေ့တာက ပြီးပြည့်စုံသကဲ့သို့ ခံစားရသည်။

စုလှိုင်ကတော့ လင်းထက်အပေါ်တွင် အခြားသော သူငယ်ချင်းများကဲ့သို့ ရိုးသားစွာခင်မင်မှုမျိုးလည်းဖြစ်ကောင်းဖြစ်နိုင်သည်။ အဆောင်သွားလည်သည့်အခါတိုင်းလည်း လင်းထက်သူငယ်ချင်းများဖြစ်ကြသော တိုးနိုင်နှင့် ဖိုးဇော် အမြဲပါတတ်သကဲ့သို့ စုလှိုင်ဘေးတွင်လည်း ဟေမာနှင့် နီနီမြင့်တို့က ရှိနေတတ်သည်။

ရိုးသားသောသူငယ်ချင်းအဖွဲ့လေးထဲတွင် လင်းထက်တစ်ယောက်သာ စုလှိုင်အပေါ်တွင် ဆန်းဆန်းပြားပြားဖြစ်ခဲ့ရပြီ။

ချစ်တယ်စုလှိုင်ရယ်။ နင့်ကိုချစ်မိတာလဲ ဖွင့်မပြောရဲဘူးဟာ။ တက္ကသိုလ်တက်တာတောင် ရွာဦးကျောင်းဆရာတော်ရဲ့ အထောက်အပံ့နဲ့တက်နေရတဲ့ငါ့ဘဝ။ အဝတ်အစားသုံး၊ လေးစုံကိုပဲ လှည့်ပတ်ဝတ်ပြီး ကျောင်းတက်နေရတဲ့ငါ့ဘဝ။ အရာအားလုံးက နင်နဲ့ယှဉ်လိုက်ရင် အားငယ်စရာကြီးပါပဲဟာ။ စုလှိုင်နှင့်ပတ်သက်ပြီး လင်းထက်အတွေးများနေရပြီ။

“ဟေ့ကောင် ဘာတွေငိုင်နေတာလဲကွ”

လင်းထက်အခန်းထဲ တိုးနိုင်ဝင်လာခြင်းဖြစ်သည်။

“ဒီလိုပါပဲကွာ။ ဟိုတွေးဒီတွေးပေါ့”

“ဘာအဆင်မပြေတာရှိလဲကွ။ တစ်ယောက်တည်းကျိတ်ခံစားမနေနဲ့လေကွာ။ ရင်ဖွင့်ကြည့်ပေါ့။ ငါကူညီနိုင်တာရှိရင် ကူညီပါ့မယ်”

တိုးနိုင်က သူ့မိဘများ အဆင်ပြေသောကြောင့် ငွေကိုဖောဖောသီသီသုံးနိုင်သကဲ့သို့ သူငယ်ချင်းများအတွက်ဆိုလျှင်လည်း လက်မနှေးတတ်သောလူမျိုး။

“ပိုက်ဆံအဆင်မပြေလို့လားသူငယ်ချင်း။ အဲဒါဆို ငါကူညီပါ့မယ်”

လင်းထက်ဘဝကိုသိနေ၍ တိုးနိုင် ထင်သည်ကို ခန့်မှန်းပြီး မေးလိုက်ခြင်းဖြစ်သည်။

“ငွေရေးကြေးရေးမဟုတ်ပါဘူးကွာ”

“ဒါဆိုဘာလဲ အချစ်ရေးလား။ မင်းကလဲ ဒီသူငယ်ချင်းတွေပဲ တိုင်ပင်စရာရှိတာကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါကွာ။ မင်းမေးရတာမောလိုက်တာ”

စာကြည့်စားပွဲပေါ်တင်ထားသော ရေဘူးကို တိုးနိုင် မော့သောက်လိုက်သည်။

“ငါ မင်းကိုတိုင်ပင်စရာရှိတယ်ကွ”

စုလှိုင်ကို စိတ်ဝင်စားနေသည်နှင့်ပတ်သက်ပြီး တိုးနိုင်ကို ရင်ဖွင့်လိုက်သည်။

“ဩော်. . . ဘာများလဲလို့။ မင်းကလဲ ချစ်နေရင်လဲ ဖွင့်ပြောလိုက်ပေါ့ကွာ”

“ဟာ ငါမပြောရဲဘူးကွ။ စုလှိုင်စိတ်ဆိုးသွားမှာစိုးတယ်”

“မင်းကလဲကွာ ချစ်နေမှတော့ ဖွင့်ပြောရဲရမှာပေါ့ကွာ။ မင်းမပြောရဲရင် သူများနောက်ပါသွားမယ်နော်”

တိုးနိုင်စကားကြောင့် လင်းထက်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

“ငါ စုလှိုင်ကိုအဆုံးရှုံးမခံနိုင်ဘူးကွာ။ ဖွင့်တော့မပြောရဲပေမဲ့ ငါစာပေးချင်တယ်သူငယ်ချင်းရာ။ မင်း စုလှိုင်ကို ငါ့ကိုယ်စား စာပေးပေးပါ့လားကွာ”

“ရတယ်သူငယ်ချင်း ငါကူညီမယ်။ မင်းရည်းစားစာ ရေးထားလိုက်။ ညနေကျ ငါအဆောင်သွားပေးလိုက်မယ်”

တိုးနိုင်အခန်းထဲကထွက်သွားတော့ စုလှိုင်ကိုပေးရန် စာတစ်စောင်ရေးလိုက်သည်။

“ရင်ခုန်ရပါ့လား စုလှိုင်ရယ်”

(၂)

တိုးနိုင်နှင့် ဖိုးဇော် စုလှိုင်အဆောင်သို့သွားကြပြီ။ တိုးနိုင်ဆီက စာရသောအခါ စုလှိုင်မျက်နှာလေး ဘယ်လိုဖြစ်သွားမလဲဆိုသည်ကို လင်းထက် သိချင်လွန်းလှသည်။ ထို့ကြောင့် တိုးနိုင်တို့အဆောင်မှထွက်သွားပြီး ငါးမိနစ်ခန့်အကြာမှ လင်းထက်နောက်ကနေလိုက်သွားမိသည်။ ညနေ နေဝင်ဖျိုးဖျအချိန်မို့ ပတ်ဝန်းကျင်အလင်းရောင်က အားဖျော့စပြုလာပြီ။ စုလှိုင်တို့ အဆောင်နှင့်မနီးမဝေးတွင်ရှိသော မဲဇလီပင်အောက်ကနေ အခြေအနေကို လင်းထက်အကဲခတ်နိုင်သည်။ တိုးနိုင်တို့သူငယ်ချင်းတစ်စုပြောနေသော စကားများကိုလည်း လင်းထက်အတိုင်းသား ကြားနေရသည်။

“စုလှိုင်”

“ဘာလဲ တိုးနိုင်”

“ဟို ငါနင့်ကို ပေးစရာလေးရှိလို့”

“ဘာပေးမလို့လဲ”

“လင်း လင်းထက်ရဲ့ရည်းစားစာ။ လင်းထက်က နင့်ကိုစိတ်ဝင်စားလို့တဲ့။ အဲဒါ သူကိုယ်တိုင်ဖွင့်မပြောရဲလို့ ငါ့ကိုစာပေးခိုင်းလိုက်တာ”

“ဘာ. . . ဘာပြောတယ်။ သူက ငါ့ကိုစိတ်ဝင်စားလို့ ဟုတ်လား”

စုလှိုင်လေသံက မာလှသည်။ စုလှိုင်၏ စကားသံများကို လင်းထက်အတိုင်းသားကြားနေရသည်။

“ဟုတ် ဟုတ်တယ်စုလှိုင်”

**❖ ငွေရှိတိုင်းဂုဏ်ရှိမယ်၊ ငွေရှိတိုင်းအဆင့်အတန်းရှိမယ်၊ ငွေရှိတိုင်း စိတ်ချမ်းသာမယ်ထင်ပြီး စုလှိုင် ကျော်စွာဦးကို လက်ထပ်ခဲ့မိတယ်။ ဒါပေမဲ့ သူက စုလှိုင်ထက်လဲအသက်ငယ်တော့ စုလှိုင်ကပဲ အစစ အရာရာ သည်းခံခဲ့ရတယ်။ အိမ်ထောင်ရှင် ယောကျ်ားဆိုပေမဲ့ ဘယ်တော့မှအိမ်မှာ မကပ်ဘူး။ သူငယ်ချင်းတွေနဲ့ လျှောက်လည်တယ်။ အရက်သောက်တယ်။ ဂိမ်းဆော့တယ်။ တစ်ခါတလေ အိမ်ပြန်မအိပ်တဲ့ ညတွေတောင်ရှိလာတယ်။ သူ့မိဘတွေကလဲ စုလှိုင်ကို ချွေးမတစ်ယောက်လိုသဘောမထားဘဲ အိမ်ဖော်တစ်ယောက်လို ဆက်ဆံတယ်။ ❖**

“ငါ့ဘက်က သူငယ်ချင်းမို့ ရင်းရင်းနှီးနှီးနေပြလိုက်တာနဲ့ တန်းပြီးရောင့်တက်လာတာပဲ။ ဒီမှာတိုးနိုင် သူ့ကိုသေသေချာချာပြောလိုက်ပါ။ ငါ့စိတ်ကူး၊ ငါ့အိပ်မက်ထဲကချစ်သူက သူ့လိုအနေအထား၊ သူ့လိုဘဝမျိုးမဟုတ်ဘူးလို့။ ကိုယ့်အနာဂတ်အတွက်တောင် ဘာအာမခံချက်မှမပေးနိုင်တဲ့သူက သူများအနာဂတ်ကိုပါ ပျောက်ပျက်အောင်မလုပ်ပါနဲ့လို့။ ပြီးတော့ ငါက တွေ့ကရာပန်းကို ပန်ဆင်မဲ့မိန်းမမျိုးမဟုတ်ဘူး။ ပင်မြင့်မှာစံတဲ့ တော်ဝင်သဇင်ပန်းမှ ပန်ဆင်မဲ့မိန်းမမျိုးလို့။ နင့်သူငယ်ချင်းကို ပြောလိုက်စမ်းပါဟာ”

စုလှိုင်နှုတ်က ထွက်ကျလာသည့် မာန်တက်နေသောစကားလုံးများကိုကြားရတော့ လင်းထက်ရင်ထဲ ဝမ်းနည်းကြေကွဲလွန်းရသည်။ ရင်ထဲတဆစ်ဆစ်နှင့် နာကျင်ခံစားရသည်။

“ပြောရက်လိုက်တာစုလှိုင်ရာ။ ငါ့ရင်ကို နာကျင်ရသက်သာစေမဲ့ အခြားငြင်းပယ်လို့ရတဲ့နည်းလမ်းတွေ၊ စကားလုံးတွေအများကြီးရှိပါတယ်ဟာ။ အခုတော့. . . ”

စုလှိုင်ဆီမှ သူ့အတွက် ဘာမျှော်လင့်ချက်မျှမရှိတော့သည်ကို လင်းထက်သိလိုက်ရပါပြီ။

“ရက်စက်လိုက်တာ စုလှိုင်ရယ်”

(၃)

စုလှိုင်၏စကားများကြောင့် ရှက်တာရော၊ နာကြည်းတာရောပေါင်းပြီး စုလှိုင်တို့အဆောင်ဘက်သို့ လင်းထက်ခြေဦးမလှည့်ဖြစ်တော့။ ကျောင်းစာကိုသာ ဖိကြိုးစားသည်။ ဘဝအခြေအနေမြင့်မားရန်အတွက် သည်အချိန်တွင် လင်းထက်လုပ်နိုင်သည်ဆိုလို့ စာကြိုးစားရန်၊ ကျောင်းမြန်မြန်ပြီးရန်သာရှိသည်။ ဘွဲ့ရပြီးလျှင် စီးပွားရေးလောကထဲဝင်ရန်လည်း ဆုံးဖြတ်ထားသည်။

“လင်းထက် မင်း စုလှိုင်သတင်းကြားပြီးပြီလား”

လင်းထက်စာကြည့်နေတုန်း အခန်းထဲ တိုးနိုင်ဝင်လာသည်။

“သူနဲ့ပတ်သက်ပြီး ငါဘာမှစိတ်မဝင်စားတော့ဘူး သူငယ်ချင်း”

“မင်းစိတ်မဝင်စားပေမဲ့ ငါသိတာကိုတော့ မင်းကိုပြောပြချင်တယ်။ စုလှိုင် အခု First Year က ကောင်ကလေးနဲ့တွဲနေတယ်။ ကောင်ကလေးကလဲ ဘောစိသားထင်တယ်။ သူစီးတဲ့ဆိုင်ကယ်က ဈေးနည်းမှာမဟုတ်ဘူးကွ။ လူပုံစံကလဲ လက်ကြောတင်းမဲ့ပုံမရှိပါဘူးကွာ။ စုလှိုင်တော့ ဘာကြည့်ကြိုက်တယ်မသိပါဘူး”

“ရှင်းရှင်းလေးပါ တိုးနိုင်ရာ။ ငွေကြည့်ကြိုက်တာပေါ့ကွာ။ သူဖြစ်ချင်တဲ့ဘဝ၊ သူဖြစ်ချင်တဲ့အနာဂတ်ကို ပိုင်ဆိုင်နိုင်ပါစေလို့ ငါဆုတောင်းပေးပါတယ်ကွာ”

ထိုစကားများသည် လင်းထက်ရင်ထဲက ဆန္ဒအမှန်ဖြစ်သည်။

(၄)

လင်းထက်ကျောင်းပြီးတော့ စီးပွားရေးနယ်ပယ်ထဲဝင်ခဲ့သည်။ လက်ဗလာသက်သက်နှင့်ဝင်ခဲ့သူမို့ မည်သည့်အရင်းအနှီးမျှမရှိသောကြောင့် သီးနှံပွဲရုံတစ်ခုတွင် စာရင်းကိုင်အဖြစ် အရင်ဝင်လုပ်ခဲ့သည်။

စာရင်းကိုင်လုပ်ရင်း ပွဲရုံမှအရောင်းအဝယ်လုပ်သောသီးနှံများအကြောင်း၊ ဈေးနှုန်းများအကြောင်း၊ သီးနှံသိုလှောင်ရေး နည်းပညာများအကြောင်း နားလည်အောင် လေ့လာသင်ယူခဲ့သည်။ တစ်နှစ်ခန့်ကြာတော့ ငွေကြေးလေး ထိုက်သင့်သလောက်စုမိလာသဖြင့် ပွဲရုံပိုင်ရှင်နှင့်တိုင်ပင်ပြီး ရှယ်ယာသဘောမျိုး ပွဲရုံထဲတွင် ရင်းနှီးမြှုပ်နှံခဲ့သည်။

ယခုအခြေအနေတွင်တော့ လင်းထက်တွင် ကိုယ်ပိုင်ပွဲရုံတစ်ခုပင် ထူထောင်နိုင်ခဲ့ပြီ။ မိဘများကိုလည်း မြို့ပေါ်တွင်ခေါ်ထားနိုင်ပြီ။ ကျေးဇူးရှင် ရွာဦးကျောင်းဆရာတော်ကိုလည်း ကျေးဇူးပြုနိုင်ခဲ့ပြီ။

(၅)

တစ်နေ့ မြို့ထဲသွားရင်း မမျှော်လင့်သောသူနှင့် ဆုံခဲ့ရသည်။

“လင်းထက် လင်းထက်မဟုတ်လားဟင်”

စာမျက်နှာ ၂၅သို့ ➤

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၄၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၉၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၉၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ရာ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံ ၁၆၉၁၂ ဧကလျာထား စိုက်ပျိုးခဲ့ရာ ၁၆၉၄၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးမှုက လျာထားဧကထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်ပေးပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်းဧက ၅၄၁၀၊ ပဲစင်းငုံ ၁၁၅၃၂ ဧက စုစုပေါင်း ၁၆၉၄၂ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်းဧက ၅၄၁၀၊ ပဲစင်းငုံ ၁၁၅၀၂ ဧက စုစုပေါင်း ၁၆၉၁၂ ဧက ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ် ငါးဘတ်အင်း(အနောက်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟသ်ာတ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဘတ်အင်း(အနောက်)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် အင်ဂျင်နီယာများ၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများက ငါးဘတ်အင်း(အနောက်) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လမ်းအရှည် ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ငါးဘတ်အင်း(အနောက်)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်းငွေကျပ် သိန်း ၂၀၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်တွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၁၀၄ စု၊ လူဦးရေ ၄၃၈ ဦးတို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းရိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

"ဟာ စုလှိုင်"

စုလှိုင်အလှက ကျောင်းတုန်းကကဲ့သို့ ဝင်းဝင်းပပမရှိ။ နွမ်းနယ်နေသည်။

"စုလှိုင်နေကောင်းလား။ ကျောင်းကိုကော ပြန်ရောက်ဖြစ်သေးလား"

"လူကတော့နေကောင်းပါတယ် လင်းထက်ရယ်။ ကျောင်းကိုတော့ ပြန်မရောက်ဖြစ်တော့ပါဘူး"

စုလှိုင်အသံကလည်း နွမ်းနွမ်းနယ်နယ်။

"လာပါစုလှိုင်ရယ် ဒီနားကအအေးဆိုင်လေးမှာ စကားပြောကြတာပေါ့"

ကိုယ်ကဒေသခံမို့ ညွှေဝတ်မကျေမှာစိုးသောကြောင့် စုလှိုင်ကို အအေးဆိုင်တွင် ဧည့်ခံလိုက်သည်။

"လင်းထက် ဒီမြို့မှာနေတာလား"

"ဟုတ်တယ် အရင်ကတော့ ဒီမြို့နယ်ထဲက ရွာမှာနေတာပါ။ ဒါနဲ့ စုလှိုင်အမျိုးသားကောမပါဘူးလား။ စုလှိုင် အိမ်ထောင်ကျသွားပြီလို့ သတင်းကြားလို့ပါ"

"အခုစုလှိုင်အိမ်ထောင်ကွဲသွားပါပြီ"

"ဟာ"

အံ့သြရခြင်းနှင့်အတူ စုလှိုင်အတွက် လင်းထက် စိတ်မကောင်းပါ။ မေးမိတဲ့အတွက်လည်း အားနာရသည်။

"ငွေရှိတိုင်းဂုဏ်ရှိမယ်၊ ငွေရှိတိုင်းအဆင့်အတန်းရှိမယ်၊ ငွေရှိတိုင်း စိတ်ချမ်းသာမယ်ထင်ပြီး စုလှိုင် ကျော်စွာဦးကို လက်ထပ်ခဲ့မိတယ်။ ဒါပေမဲ့ သူက စုလှိုင်ထက်လဲ အသက်ငယ်တော့ စုလှိုင်ကပဲ အစစအရာရာသည်းခံခဲ့ရတယ်။ အိမ်ထောင်ရှင် ယောကျ်ားဆိုပေမဲ့ ဘယ်တော့မှအိမ်မှာမကပ်ဘူး။ သူငယ်ချင်းတွေနဲ့ လျှောက်လည်တယ်။ အရက်သောက်တယ်။ ဂိမ်းဆော့တယ်။ တစ်ခါတလေ အိမ်ပြန်မအိပ်တဲ့ ညတွေတောင်ရှိလာတယ်။ သူ့မိဘတွေကလဲ စုလှိုင်ကို ချွေးမတစ်ယောက်လိုသဘောမထားဘဲ အိမ်ဖော်တစ်ယောက်လို ဆက်ဆံတယ်။ ခိုင်းတယ်။ သူတို့သား ကျော်စွာဦးဘွဲ့မရတာ စုလှိုင်ကြောင့်။ မ စိတ်မွှန်လို့ ကျောင်းမပြီးတာဆိုပြီး စုလှိုင်ကို အပြိုးနဲ့ဆက်ဆံကြတယ်။ အဆိုးဆုံးကတော့ ကျော်စွာဦး မူးယစ်ဆေးစွဲပြီး ဆေးကြောင်ကြောင်လာတယ်။ စုလှိုင်ကို အကြောင်းမဲ့ ကိုယ်ထိလက်ရောက်ရိုက်နှက်နှိပ်စက်တယ်။ စုလှိုင်လဲ ဘယ်လိုမှ သည်းမခံနိုင်တာနဲ့ သူ့ကိုတရားဝင်ကွာရှင်းပစ်လိုက်တယ်။ အခုတော့ သူလဲ မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ထောင်ထဲရောက်သွားပါပြီ"

စုလှိုင်အကြောင်းများ ထပ်မံကြားသိရပြန်တော့ လင်းထက် စိတ်မကောင်းဖြစ်ရပြန်သည်။

ဩော်. . . ငွေဂုဏ်မက်ခဲ့သည့်စုလှိုင်၊ ငွေချမ်းသာတိုင်း အနာဂတ်လှမယ်ထင်ခဲ့သည့်စုလှိုင် အခုတော့ အနာဂတ်ရှုပ်ဆိုးရလေပြီ။

"စုလှိုင်ရယ် ပင်ယံအမြင့်မှာစံရတိုင်း တော်ဝင်သဇင်ပန်းမှမဟုတ်တာဟာ။ အဆင်းလှပြီး ရနံ့ကင်းမဲ့တဲ့ပေါက်ပန်းလဲဖြစ်နေတတ်တာပဲလေ"

ထိုစကားများကို စုလှိုင်ကိုတော့ မပြောဖြစ်ခဲ့ပါ။ သို့သော်လည်း ဘဝနှင့်ရင်း၍ ရခဲ့သောသင်ခန်းစာများကြောင့် လင်းထက်မပြောဖြစ်သော်လည်း စုလှိုင် နားလည်နေပေလိမ့်မည်ဟုသာတွေးရင်း မလျော့သေးသော အအေးခွက်နှစ်ခွက်ကိုသာ အဓိပ္ပာယ်မဲ့စွာ လင်းထက် ငေးကြည့်နေမိသည်။

## တိုးပွားကြစေ ကုသိုလ်တွေ

- ချစ်ခြင်းကို အခြေခံပြု
  ပေါင်းစပ်မှု ပြုလုပ်ပါ၊
  မနာလို အမုန်းတရား
  ဖယ်ရှားရင်မှာ၊
  ဝမ်းမြောက်ခြင်း မုဒိတာ
  တို့ သူ ငါ ဖြစ်တည်ထား၊
  မေတ္တာရေ စီးဆင်းကြလို့
  အေးမြစေသား။

- သုံးလူ့ရှင် မြတ်ဘုရား
  ဟောညွှန်ကြား မြတ်ဓမ္မ၊
  လိုက်နာသူ စိတ်နှလုံး
  ရွှင်ပြုံးပါလေ၊
  အများအကျိုး သယ်ပိုးနေ
  ဆောင်ရွက်စေ ပရဟိတ၊
  အတ္တကို မောင်းနှင်ထားလို့
  ကြိုးစားနေကြ။

- လူ့ပြည်ရွာ တဒင်္ဂ
  ရောက်ရှိရ တို့တစ်တွေ၊
  ဒါနကို ဆင်မြန်းထား
  လှအားပိုလေ၊
  မြတ်သီလ စောင့်ထိန်းနေ
  တိုးပွားစေ ကုသိုလ်တရား၊
  ဘာဝနာ ရှုမှတ်ကြလို့
  (အိုကွယ်)
  လှပစေသား။

**ဇေဂျမ်းရွာကျောင်းအိုသား**

# မြို့သစ်မြို့နယ် ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် ပေကုန်းကျေးရွာအုပ်စု ပေကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်းကို ပေကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့သစ်မြို့နယ် ပေကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၉၁ ဦးအား ငွေကျပ် ၄၉ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့သည်။

မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ယဉ်လေး**

# ရှုဝံ၏ ဂွမ်းပုံ

ပုသိမ်အောင်သန်းဦး

ဇာတ်လမ်းအကျဉ်းမှာ ဤသို့ . . .

ထွန်းတင်ကား မိုက်ခဲဘွဲ့ရသူဖြစ်သည်။ မိဘမရှိ၊ ငယ်စဉ်ကပင် ဦးလေးဖြစ်သူနှင့် နေခဲ့ရသည်။ ဦးလေးဖြစ်သူက သူ့ကို အင်္ဂလိပ်စာတတ်စေချင်၏။ ထို့ကြောင့် အင်္ဂလိပ်ကျောင်းတွင်ထားသည်။ အင်္ဂလိပ်ကျောင်း၌ မြန်မာအမျိုးသားများကိုနှိမ်၍ အင်္ဂလိပ်တို့ကောင်းကြောင်း သင်ခန်းစာများကို သင်ရ၏။ အင်္ဂလိပ်ယူနီယံဂျက်အလံကို အလေးပြုရ၏။ အင်္ဂလိပ်ဘုရင်မအတွက် ဆုတောင်းရ၏။ ဤသို့ပြုလုပ်ရခြင်းမျိုးကို ထွန်းတင်မကြိုက်၊ ထို့ကြောင့် ကျောင်းပြေးသည်။ ကျောင်းပြေးသဖြင့် ဦးလေးဖြစ်သူကရိုက်သည်။ ရိုက်သည့်ကြားကပင် ထွန်းတင်ကျောင်းမတက်၊ ကျောင်းပြေး၏။ သူ့ဦးလေးက သူ့ကို မိုက်ခဲတစ်ယောက်အဖြစ် သတ်မှတ်သည်။ သို့ဖြင့် မိုက်ခဲထွန်းတင်ဖြစ်လာသည်။

ထွန်းတင်သည် သူ့ဦးလေးအိမ်မှာ မနေချင်တော့၍ ထွက်လာ၏။ နေရာအနှံ့လျှောက်သွား၏။ ဖဲရိုက်၏။ ဖဲကစားကျင်လည်သည်။ တစ်ခါတွင် သူ့ဆရာကိုသတ်သူအား တန်ပြန်လက်စားချေသတ်ခဲ့၏။ ထွန်းတင်သည် အင်္ဂလိပ်ကိုမုန်းတီး၏။ အင်္ဂလိပ်ကျောင်းပြေးခြင်းကြောင့် မိုက်ခဲဘွဲ့ရခဲ့သည်ကိုလည်း ကျေနပ်၏။ သို့ဖြင့် သူသည် ဖလန်းပေတရာရွာသို့ ရောက်ခဲ့သည်။

လမ်းတွင် လယ်ကူလီကြီးတစ်ယောက်နှင့်ဆုံသည်။ လယ်ရှင်တို့၏ ခြယ်လှယ်မှုကြောင့် လယ်သူကြီးမှစကာ လယ်ကူလီတို့ ဒုက္ခရောက်နေကြရပုံအကြောင်းစုံကို သိရ၏။ ထွန်းတင်သည် လယ်ရှင်တို့ကို စိတ်နာလာ၏။ သူနှင့်မိတ်ဆွေဖြစ်ခဲ့သော လယ်ကူလီဦးလူဖေထံမှ လယ်သူကြီးဂွမ်းပုံအကြောင်းကို သိရ၏။

ဂွမ်းပုံ၏အမည်ရင်းမှာ မခင်ထွေးဖြစ်သည်။ သူသည် မိဘမဲ့မိန်းမသားဖြစ်၏။ အသက် ၂၅ နှစ်ခန့်သာရှိသေး၏။ အဒေါ်ဖြစ်သူနှင့်နေသည်။ လယ်ရှင်ထံမှ လယ်ကိုအငှားလုပ်နေရသည်။ ဂွမ်းပုံတို့ ရွာသားအားလုံးသည် လယ်ရှင်များ၏ ခြယ်လှယ်ခြင်းကို အမျိုးမျိုးခံနေရသည်။

ဂွမ်းပုံအကြောင်းကို ထွန်းတင်ကြားရသောအခါ စိတ်ဝင်စားမိ၏။ တစ်နေ့ ဦးလူဖေကိုလာခေါ်သည့် ဂွမ်းပုံကိုမြင်ရသောအခါ ထွန်းတင် ပို၍စိတ်ဝင်စားလာ၏။ သို့ဖြင့် ထွန်းတင်သည် ဖလန်းပေတရာရွာတွင် နေထိုင်ပြီး ရွာသားများအပေါ် လယ်ရှင်တို့၏ ခေါင်းပုံဖြတ်မှုများကို လေ့လာရန် အကြံရ၏။ သူသည် ဘုန်းကြီးကျောင်းတွင် ကပ္ပိယအဖြစ်နေထိုင်ကာ လေ့လာတော့၏။

ရွာသားလယ်ကူလီ၊ လယ်သူကြီး စသူတို့မှာ လယ်ပိုင်ရှင် ဦးအောင်ဘော်၏ အနိုင်ကျင့်မှုများကို ခါးစည်းခံနေရကြောင်း သူတွေ့မြင်၏။ ဂွမ်းပုံသည် ထိုလယ်ရှင်ကြီးကို မှီခိုနေရကြောင်း သိရ၏။ လယ်ရှင်ဖြစ်သော ဦးအောင်ဘော်သည် လယ်များစွာ ပိုင်၏။ သူ့လယ်များကို သီးစားချ၏။ ထွက်သောစပါးများကို ဈေးနှိမ်၍ဝယ်၏။ လယ်များ သီးနှံအထွက်နည်း၍ မအောင်လျှင် သီးစားခကိုမလျှော့၊ လယ်သူကြီးမှစကာ လယ်ကူလီများ ဒုက္ခရောက်ကြရ၏။

မကြာမီ လယ်ပိုင်ရှင် ဦးအောင်ဘော် ကွယ်လွန်၏။ သူ့အမွေခံမှာ သူ့တူဖြစ်၏။ ဦးအောင်ဘော်၏တိုက်ကြီးမှာ ရွာလယ်၌ရှိ၏။ ဦးအောင်ဘော်၏ အမွေခံဖြစ်သူ သူ့တူမှာ ယခုချိန်ထိ ရောက်မလာသေး။

ထိုအချိန်တွင် လယ်ရှင်ထံ စပါးတင်းဖိုး အကြွေးတက်လာသဖြင့် အိမ်နှင့်အိမ်ဝိုင်းဆုံးရတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသော ဂွမ်းပုံ၏အဖြစ်၊ သီးစားခမပေးနိုင်သဖြင့် လယ်ပိုင်ရှင်ထံ သူ၏ရှိသမျှ လယ်ကလေး အပ်ရတော့မည့် မုဆိုးမဒေါ်ငွေမှုန်၏အဖြစ်၊ ထွန်းတင်သည် ဂွမ်းပုံနှင့် ဒေါ်ငွေမှုန်တို့ကို နှစ်သိမ့်စကားပြောကာ လယ်ပိုင်ရှင် ဦးအောင်ဘော်၏ ပစ္စည်းများကို ထိန်းသိမ်းထားသူ လယ်ပိုင်ရှင် ဦးဘိုးကျုပ်ထံ သွား၏။

သူ့ဦးလေး ဦးအောင်ဘော်လက်ထက်က သီးစားခစာချုပ်များကို မီးရှို့ပစ်သည်။ အပေါင်ခံထားသော ဒေါ်ငွေမှုန်၏ စာချုပ်ကိုလည်း မီးရှို့ပစ်သည်။ ဖလန်းပေတရာရွာသားအားလုံး သီးစားခထက်ဝက်လျှော့ချရန်နှင့် ဂွမ်းပုံ၏ အိမ်ဂရန်ကို ပြန်ပေးရန်စီစဉ်၏။ ရွာသားများအားလုံး ပျော်မြူးကာ ကျေးဇူးတင်နေကြသည်။ မြေပိုင်ရှင်သစ်ကလေးအဖြစ် ထွန်းတင်ကိုကား မသိကြ။ ထို့ကြောင့် ထွန်းတင်သည် ဂွမ်းပုံထံတွင် လယ်ကူလီလုပ်မြဲလုပ်နေသည်။

တစ်နေ့ ထွန်းတင်သည် ကျောက်တန်းမှ မြေပိုင်ရှင်သူဌေး ဦးဘတူနှင့်ဆုံသည်။ ဦးဘတူသည် ဂွမ်းပုံထံ ချေးထားသော အကြွေးရရန်ရှိသူဖြစ်ကာ ဂွမ်းပုံကိုလည်း ပိုးပန်းနေသူဖြစ်သည်။ သို့သော် ဂွမ်းပုံက ဦးဘတူကို သဘောမကျ။ ထွန်းတင်ကိုကား စိတ်ဝင်စားစပြုသည်။ ထွန်းတင်ကလည်း ဂွမ်းပုံထံတွင် အလုပ်လုပ်ရင်း ဂွမ်းပုံ၏အဒေါ်နှင့်ပင် ရင်းနှီးနေ၏။ ဂွမ်းပုံအဒေါ် ဒေါ်လှမေနှင့် ထွန်းတင်သည် စကားလက်ဆုံကြရင်း သူ ဖဲကစားကျွမ်းကျင်ပုံအကြောင်း ပြောပြ၏။ ဒေါ်လှမေကလည်း ဂွမ်းပုံ၏ အဖေမြေရှင်ဘဝက ဖဲရိုက်ခဲ့ပုံအကြောင်း၊ ဂွမ်းပုံမှာ သူ့အဖေ၏ ဖဲကြွေးများကို ယခုတိုင် ဆပ်နေရကြောင်း၊ ဦးဘတူမှာလည်း ဂွမ်းပုံထံမှ အကြွေးများရရန်ရှိသဖြင့် ဂွမ်းပုံအား အရကြံနေကြောင်းများကို ရှင်းပြသည်။

တစ်နေ့ ထွန်းတင် ရန်ကုန်သို့ရောက်ခိုက် ဖဲဝိုင်း၌ ဦးဘတူနှင့် တွေ့၏။ ဖဲဝိုင်းတွင် ထွန်းတင်နိုင်လေသည်။ သို့ဖြင့် ထွန်းတင်က ဂွမ်းပုံအဖေ၏ ဖဲကြွေးစာချုပ်ကို အရယူကာ ဖဲကြွေးများပယ်ဖျက်လိုက်ကြောင်းစာချုပ်ကို ဦးဘတူအား လက်မှတ်ထိုးစေပြီး ဂွမ်းပုံထံ ပို့စေ၏။ ဂွမ်းပုံစာချုပ်ကိုမြင်ရသောအခါ ဦးဘတူအပေါ် အထင်မှားခဲ့ခြင်းဟု နောင်တရနေ၏။ ဒေါ်လှမေမှာကား ဤအခြင်းအရာသည် ထွန်းတင်၏ လက်ချက်ဖြစ်နိုင်သည်ဟု တွက်ဆမိ၏။

ထွန်းတင်ကား ဂွမ်းပုံကို ချစ်နေ၏။ ထို့ကြောင့် ချစ်ရေးဆို၏။ သူမည်သူမည်ဝါဖြစ်သည်ဆိုသည်ကိုမူ အသိမပေးချေ။ ဂွမ်းပုံကား မာနကြီးနေ၏။ ဂွမ်းပုံ နွားဝယ်လို၏။ ထွန်းတင်က ငွေချေးပေး၏။ ဂွမ်းပုံက မယူ၊ ထွန်းတင်က ဇွတ်အတင်းပေး၏။ ထွန်းတင်သည် တစ်ဖက်ကလည်း ကျေးရွာအတွင်း ကျောင်းဖွင့်ရန် စီမံသည်။

ထိုအချိန် သူဌေး ဦးဘတူ ဂွမ်းပုံထံလာပြန်၏။ ဂွမ်းပုံက ဦးဘတူသည် သူ့အဖေ၏ ဖဲကြွေးများကို ကျေအေးပေးခဲ့သူအဖြစ် ကျေးဇူးတင်နေသည်။ ဦးဘတူကလည်း ဤအခွင့်အရေးကို အရယူကာ ဂွမ်းပုံကို အရယူရန်ကြိုးစား၏။

ထွန်းတင်ကား ဦးဘတူအပြန်တွင် ရွာအစွန်မှစောင့်ပြီး ရိုက်နှက်ထိုးကြိတ်ကာ နောက်တစ်ခါ ရွာသို့မလာရန် ကြိမ်းမောင်းနှင်ထုတ်လိုက်၏။ ဦးဘတူသည် မကျေမနပ်နှင့် ဂွမ်းပုံထံစာရေးသည်။ ထွန်းတင်မှာ လူကောင်းမဟုတ် လူမိုက်၊ ဖဲသမား၊ လူသတ်သမားဖြစ်ကြောင်း စာရေးကာ အသိပေး၏။ ဂွမ်းပုံက ထွန်းတင်ကိုခေါ်ကာ အဖြစ်မှန်များ မေး၏။ ထွန်းတင်က ဟုတ်မှန်တိုင်းပြောပြ၏။

ဤအခါ ဂွမ်းပုံက ထွန်းတင်ကို သူ့လယ်ကူလီအဖြစ်မှ ထုတ်ပစ်လိုက်သည်။ ထွန်းတင် ဘုန်းကြီးကျောင်းသို့ပြန်၏။ ထို့နောက် သူ့မိတ်ဆွေ ဦးလူဖေအား သူ့အကြံကို ပြောပြ၏။ သူသည် တစ်ချိန်က လူဆိုးလူပေကဲ့သို့ဖြစ်ခဲ့ကြောင်း၊ ယခုရွာအကျိုး၊ လယ်သမားများအကျိုးကို ဆောင်ရွက်နေသူဖြစ်ကြောင်း၊ သူ့အမွေရထားသော လယ်မြေများကို ရွာသားများအား ခွဲဝေပေးမည်ဖြစ်ကြောင်း၊ သူ့အား လယ်ပိုင်ရှင်သူဌေးလေးဟု မည်သူ့ကိုမှ ထုတ်မပြောရန် ကတိပြုစေ၏။

သို့ဖြင့် ဖလန်းပေတရာရွာသားများသည် ချောင်လည်လာကြ၏။ ပျော်ရွှင်လာကြ၏။ အလှူများလှူနိုင်လာကြ၏။ ပြောသံများညံမစဲဖြစ်လာ၏။ မုဆိုးမဒေါ်ငွေမှုန်ပင် အလှူကြီးလှူနိုင်ခဲ့၏။ ဒေါ်လှမေက မာနထွတ်ခေါင် ဂွမ်းပုံကို နားချ၏။ ထွန်းတင်အကြောင်းပြောပြ၏။ ထွန်းတင်ကိုလည်း သူ့တူမက သဘောမတူလျှင် ဇွတ်ကြံစည်ရန် တိုက်တွန်း၏။

ဤသို့ဖြင့် ထွန်းတင်နှင့် ဂွမ်းပုံဖူးစာဆုံကာ ပေါင်းကြလေတော့သည်။

ဂွမ်းပုံဝတ္ထုနှင့်ပတ်သက်ပြီး စာပေဝေဖန်သူများက ဤသို့ဆိုကြပါသည်။ ဂွမ်းပုံဝတ္ထုသည် ရည်ရွယ်ချက်ကောင်းပါသည်။ စာရေးဆရာ၏ စေတနာလည်း ပေါ်လွင်ပါသည်။ သို့သော် စေတနာကို ပုံဖော်ပုံမှာ စိတ်ကူးယဉ်ဆန်လှပါသည်။ ဆိုရှယ်လစ်ဦးတည်ချက်ဟုဆိုရဟန်ရှိသည်။ သို့သော် သိပ္ပံနည်းကျဆိုရှယ်လစ်ပုံသဏ္ဌာန်မဟုတ်။ စိတ်ကူးယဉ်ဆိုရှယ်လစ်ပုံသဏ္ဌာန်သာဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် စာပေဗိမာန်ဆုချီးမြှင့်ခြင်းခံရသည်။ အံ့ဖွယ်ဟု ဆိုချင်လည်းရ၏။ အံ့ဩစရာမရှိဟုဆိုချင်လည်းရ၏ဟု မှတ်ချက်ချထားပါသည်။ ဂွမ်းပုံဝတ္ထုကို ရုပ်ရှင်ရိုက်ခဲ့သည်။

ရှုဝံ၏ အမည်ရင်းမှာ ဦးသန်းတင့်ဖြစ်သည်။ ၁၉၀၈ ခုနှစ်တွင် အောင်လံမြို့၌ မွေးဖွားခဲ့သည်။ မိဘများမှာ အရေးပိုင်ဦးခင်နှင့် ဒေါ်မမကြီးတို့ဖြစ်သည်။ အင်းစိန်နှင့် ရန်ကုန်အထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး ၁၉၂၅-၁၉၂၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။

၁၉၃၃ ခုနှစ်တွင် မြန်မာ့အလင်းသတင်းစာ သတင်းထောက်အဖြစ် သတင်းစာလောကသို့ ဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ရုပ်ရှင်နှင့် ပြဇာတ်ဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် အမှုထမ်းခဲ့သည်။

ဗမာ့ခေတ်၊ ရန်ကုန်၊ မိုးကြိုး၊ ပြည်ထောင်စု သတင်းစာများတွင် အခန်းဆက်ဝတ္ထုများရေးခဲ့သည်။ ဝတ္ထုရှည် တစ်ရာကျော် ရေးခဲ့သည်။ များသောအားဖြင့် အမိုးဝတ္ထုများဖြစ်သည်။ ဂွမ်းပုံနှင့် ဇော်ဝင်းတို့မှာ ပင်ကိုရေးဝတ္ထုများဖြစ်သည်။

**ကိုးကား**

– **မလိစ၏ မြန်မာဝတ္ထုအညွှန်း**

❖ ဂွမ်းပုံက ထွန်းတင်ကိုခေါ်ကာ အဖြစ်မှန်များမေး၏။ ထွန်းတင်က ဟုတ်မှန်တိုင်းပြောပြ၏။ ဤအခါ ဂွမ်းပုံက ထွန်းတင်ကို သူ့လယ်ကူလီအဖြစ်မှ ထုတ်ပစ်လိုက်သည်။ ထွန်းတင် ဘုန်းကြီးကျောင်းသို့ပြန်၏။ ထို့နောက် သူ့မိတ်ဆွေဦးလူဖေအား သူ့အကြံကို ပြောပြ၏။ သူသည် တစ်ချိန်က လူဆိုးလူပေကဲ့သို့ဖြစ်ခဲ့ကြောင်း၊ ယခုရွာအကျိုး၊ လယ်သမားများအကျိုးကို ဆောင်ရွက်နေသူဖြစ်ကြောင်း၊ သူ့အမွေရထားသော လယ်မြေများကို ရွာသားများအား ခွဲဝေပေးမည်ဖြစ်ကြောင်း၊ သူ့အား လယ်ပိုင်ရှင်သူဌေးလေးဟု မည်သူ့ကိုမှ ထုတ်မပြောရန် ကတိပြုစေ၏။ ❖

# လင်းခေးမြို့နယ် နမ့်တုတ်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**လင်းခေး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်တုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့်ဝန်ထမ်းများက နမ့်တုတ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

လင်းခေးမြို့နယ် နမ့်တုတ်ကျေးရွာ၌ လမ်းအရှည် ပေ ၂၆၀၊ အကျယ် ကိုးပေ၊ အမြင့် လေးလက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၃၂ သိန်း အသုံးပြု၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့်လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီက ဦးဆောင်ပြီး ကျေးရွာပြည်သူကိုယ်တိုင် စက်တင်ဘာလတတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးသူ**



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘောအစီးရေ ၅၃၀ ဝင်ရောက်ခဲ့



**ရန်ကုန် နိုဝင်ဘာ ၂**

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘောအစီးရေ ၅၃၀ ဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘောများ ဝင်ရောက်ခဲ့ရာတွင် ယခုနှစ် ဇန်နဝါရီလတွင် ကုန်တင် သင်္ဘော ၅၂ စီး၊ ဖေဖော်ဝါရီလတွင် ကုန်တင်သင်္ဘော ၅၁ စီး၊ မတ်လတွင် ကုန်တင်သင်္ဘော ၅၅ စီး၊ ဧပြီလတွင် ကုန်တင်သင်္ဘော အစီးရေ ၅၀၊ မေလတွင် ကုန်တင်သင်္ဘော ၅၆ စီး၊ ဇွန်လတွင် ကုန်တင်သင်္ဘော ၅၇ စီး၊ ဇူလိုင်လတွင် ကုန်တင်သင်္ဘော ၅၃ စီး၊ ဩဂုတ်လတွင် ကုန်တင်သင်္ဘော ၅၄ စီး၊ စက်တင်ဘာလတွင် ၅၃ စီး၊ အောက်တိုဘာလ ၄၉ စီး စုစုပေါင်းအစီးရေ ၅၃၀ ဖြစ်ကြောင်း သိရသည်။

"ရန်ကုန် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကို နိုင်ငံတကာ သင်္ဘောလိုင်းတွေက ကုန်သေတ္တာ တင်သင်္ဘောတွေ ဝင်ရောက်မှုကတော့ ဒီနှစ် ဇန်နဝါရီလကနေ အောက်တိုဘာလထိအစီးရေ ၅၃၀ ဖြစ် ပါတယ်။ နိုင်ငံတကာ ကုန်တင်သင်္ဘောလိုင်းပေါင်း ၂၀ က ကုန်သေတ္တာတင်သင်္ဘောတွေဖြစ်ပါတယ်။ အခု နိုဝင်ဘာလအတွင်းမှာ နိုင်ငံတကာ ကုန်တင်သင်္ဘောလိုင်းပေါင်း ၁၅ လိုင်းက ကုန်သေတ္တာတင်သင်္ဘောအစီးရေ ၅၀ ဝင်လာဖို့ရှိပါတယ်"ဟု ဦးဇော်ထွန်းလွင်က ပြောပြသည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။ ASH

# ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဓနုဖြူ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်နှင့်တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်သည့် ပန်းခြံစိုက်ပျိုးရေး လုပ်ငန်းများ၊ ဆိတ်မွေးမြူရေးလုပ်ငန်းများ၊ ငွေစာရင်းပုံစံများဖြည့်သွင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဓနုဖြူမြို့နယ် ရိုးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၇၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**တေဇလင်း**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ဥရောပအမှတ်ပေးပွဲစဉ်တွေထဲက အသင်းလိုက်ကစားပုံထက်မြက်နေတဲ့ ဝုဗ်အသင်း၊ လေဗာကူဆင်အသင်း၊ အင်တာမီလန်အသင်းတို့ကို အားပေးရမှာပါ

M L




စနေနေ့ညမှာယှဉ်ပြိုင်မဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေများနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကိုအားပေးရအုံးမှာပါ။ အသင်းကြီးတွေ့ဆုံမှုဟာ ဘာမဆိုဖြစ်နိုင်တဲ့ အခြေအနေဖြစ်လို့ ချဉ်းကပ်ရခက်ခဲတာကြောင့် အဘက်ဘက်က အသာရတဲ့အသင်းကိုသာ ရွေးချယ်ရတာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာ ခြေရည်တူအသင်းပွဲစဉ်တွေကိုသာ အဓိကရွေးချယ်မှာဖြစ်ပြီး အဲဒီထဲက အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ကစားပုံထက်မြက်နေတဲ့အသင်းတွေကိုသာ အဓိကအားပေးရမှာဖြစ်ပါတယ်။

### ဝုဗ်အသင်းနဲ့ လက်တွဲရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၁၁)မှာ အကြိုက်တွေ့မိတာကတော့ ရှက်ဖီး(ပ) အသင်းနဲ့ ဝုဗ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရှက်ဖီး(ပ) အသင်းဟာ ပရီးမီးယားလိဂ်ကလပ်အသင်းက လူငယ်ကစားသမားတွေကိုခေါ်ယူခဲ့ပေမဲ့ အတွေ့အကြုံနဲ့နည်းစနစ်ပိုင်း အားနည်းချက်တွေကြောင့် အမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာ ရမှတ်တစ်မှတ်နဲ့ ဇယားအောက်ဆုံးမှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်က ခုနစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းပေးဂိုး ၂၉ ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပြိုင်ပွဲမှာ ခံစစ်ပိုင်းပေးဂိုး အများဆုံးအသင်းအဖြစ် ရပ်တည်နေသလို တိုက်စစ်ကလဲ ဂိုးရရှိမှုအနည်းဆုံးဖြစ်နေတာကို တွေ့ရမှာပါ။ နည်းပြဟက်ကင်ဘော်တန်ကတော့ ပြိုင်ဘက်ရဲ့ အခြေအနေကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲကစားနေပေမဲ့ ကစားသမားတွေရဲ့တစ်ယောက်ချင်း စွမ်းဆောင်ရည်နည်းပါးမှုတွေကြောင့် အသင်းရလဒ်ပိုင်းကို မြှင့်တင်နိုင်တာမရှိခဲ့ပါဘူး။ လက်ရှိမှာလဲ ကစားသမား ကိုးယောက်ထိ ဒဏ်ရာရရှိနေတာကလဲ အဓိကထိုးနှက်ချက်ဖြစ်နေပြီး ပြိုင်ပွဲတိုင်း ရှုံးကန်နေရတာဖြစ်ပါတယ်။

ဝုဗ်အသင်းဟာ မန်စီးတီးအသင်းကိုအနိုင်ရခဲ့ပြီးနောက်ပိုင်း ကစားသမားတွေ ယုံကြည်မှုပိုကောင်းလာတာကြောင့် နောက်ဆုံးလေးပွဲဆက် ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ နည်းပြအိုနေးဟာ အဲဒီနောက်ပိုင်းမှာ ခံစစ်ပိုင်းပြင်ဆင်ကစားခဲ့တာကြောင့် အေဗီလာအသင်းကို တစ်ဂိုးစီသရေ၊ ဘုန်းမောက်ကို နှစ်ဂိုးတစ်ဂိုး၊ နယူးကာဆယ်အသင်းကို နှစ်ဂိုးစီသရေ ကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းကအားရစရာကောင်းပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ၁၀ ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးနဲ့ ရမှတ် ၁၂ မှတ်စုဆောင်းခဲ့ပြီး အဆင့်(၁၂)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ သူတို့နှစ်သင်းရဲ့ကစားပုံနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ ဝုဗ်အသင်းက ရှက်ဖီး(ပ) ထက်သာနေသလို နည်းပြနှစ်ယောက်ရဲ့ နည်းစနစ်ပိုင်းမှာလဲ အိုနေးက အသာရနေတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာလဲ ဝုဗ်အသင်းကပဲအနိုင်ရခဲ့တာကြောင့် အဘက်ဘက်က အားသာချက်ရှိနေတဲ့ ဝုဗ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ရှက်ဖီး(ပ)အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(ပ) | ၀ | - | ၈ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၂ | - | ၀ | ရှက်ဖီး(ပ) |
| ဖူလ်ဟမ် | ၃ | - | ၁ | ရှက်ဖီး(ပ) |
| ရှက်ဖီး(ပ) | ၁ | - | ၂ | မန်ယူ |
| အာဆင်နယ် | ၅ | - | ၀ | ရှက်ဖီး(ပ) |

### ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အစ်ဗ့စ် | ၃ | - | ၂ | ဝုဗ် |
| ဝုဗ် | ၂ | - | ၁ | မန်စီးတီး |
| ဝုဗ် | ၁ | - | ၁ | အေဗီလာ |
| ဘုန်းမောက် | ၁ | - | ၂ | ဝုဗ် |
| ဝုဗ် | ၂ | - | ၂ | နယူးကာဆယ် |

### လေဗာကူဆင်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်(၁၀)မှာ အကြိုက်တွေ့မိတာကတော့ ဟော်ဖန်ဟိမ်းအသင်းနဲ့ လေဗာကူဆင်အသင်းတို့ ပွဲစဉ်ဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြ မာတာရာဇိုကိုခန့်အပ်ပြီးနောက်ပိုင်း တိုက်စစ်ကစားပုံတိုးတက်လာခဲ့တာကြောင့် အခုရာသီကစားခဲ့တဲ့ ပြိုင်ပွဲစုံမှာ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းနည်းပြဟာ နောက်တန်း သုံးယောက်အသုံးပြုပြီး ကစားနေတာကြောင့် ခံစစ်ပိုင်းအားနည်းချက်ကို ပြင်ဆင်နိုင်တာမရှိသေးလို့ တိုက်စစ်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ဆို အမြဲတမ်းဂိုးပေးခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပွဲစဉ်(၉)အပြီးမှာ ခြောက်ပွဲနိုင်၊ သုံးပွဲရှုံးနဲ့ ရမှတ် ၁၈ မှတ်ရရှိခဲ့ပြီး အဆင့်(၆)မှာ ရပ်တည်နေသလို အဆင့်(၃)၊ အဆင့်(၄)၊ အဆင့်(၅)က စတုဂတ်၊ ဒေါ့မွန်၊ လိုက်ပ်ဇစ်တို့နဲ့ ရမှတ်သုံးမှတ်သာ ကွာဟခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ တိုက်စစ်ကစားပုံဟာ ပုံမှန်ဂိုးသွင်းခြေရှိပေမဲ့ ခံစစ်ပိုင်းကို မပြင်နိုင်ရင်တော့ အခုပွဲစဉ်မှာ လေဗာကူဆင်တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်သွားမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ ကစားသမားငါးယောက်ထိ ဒဏ်ရာရနေတာကြောင့်လဲ ရလဒ်ကောင်းဖို့ ရုန်းကန်ရမှာ သေချာပါတယ်။

လေဗာကူဆင်အသင်းဟာ အမှတ်ပေးပွဲကိုးပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၅ မှတ်ထိ ရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားမှာ ဦးဆောင်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဒုတိယနေရာက ဘိုင်ယန်မြူးနစ်အသင်းကို ရမှတ်နှစ်မှတ်သာ ဖြတ်နိုင်ခဲ့တာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရှာပြီး ရမှတ်ဖြတ်ဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ ကြားရက်က ဖလားပွဲစဉ်မှာလဲ ဒုတိယတန်းကလပ် ဆန့်ဟူဆန်နဲ့ ကစားရပေမဲ့ အရန်ကစားသမားတွေနဲ့ လူငယ်ကစားသမားတွေကိုသာ ပွဲထုတ်ခဲ့ပြီး လူချန်ကစားသွားတာကိုတွေ့ရမှာပါ။ ဒါ့ပြင် လာမဲ့ပွဲစဉ်မှာဘိုင်ယန်မြူးနစ်ဟာ ဒေါ့မွန်နဲ့ ပွဲကျပ်ကစားရမှာဖြစ်တာကြောင့် လေဗာကူဆင်အနေနဲ့ အခုပွဲစဉ်ကို နိုင်ပွဲယူနိုင်ဖို့ အမှတ်ပေးဇယားမှာရမှတ်ဖြတ်တောက်နိုင်မှာကိုတွေ့ရမှာပါ။ ဒါကြောင့် နည်းပြအလွန်ဆိုဟာ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ ဘွန်နီဖေ့၊ ဟော့မန်း၊ ဝစ်ဇ်တို့ကိုအနားပေးခဲ့တာကို သတိပြုရမှာပါ။ ခံစစ်ကစားပုံအားနည်းတဲ့ ဟော်ဖန်ဟိမ်းအနေနဲ့ ဘွန်နီဖေ့၊ ဟော့မန်း၊ ဝစ်ဇ်တို့ကို မထိန်းချုပ်နိုင်ရင်တော့ ပေးဂိုးများပြီး ဂိုးပြတ်ရှုံးသွားနိုင်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ လေဗာကူဆင်က ၁၃ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ အသာရခဲ့ပြီး အဝေးကွင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းပိုကောင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပုံစံကောင်းရနေတဲ့ လေဗာကူဆင်အသင်းကိုပဲ အားပေးရမှာပါ။

### ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | ဒေါ့မွန် |
| ဝါဒါဘရီမင် | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၃ | ဖရန့်ဖတ် |
| စတုဂတ် | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဒေါ့မွန် | ၁ | - | ၀ | ဟော်ဖန်ဟိမ်း |

### လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၃ | - | ၀ | ကိုလုံး |
| ဝုဘတ် | ၁ | - | ၂ | လေဗာကူဆင် |
| လေဗာကူဆင် | ၅ | - | ၁ | ကွာရာဘတ် |
| လေဗာကူဆင် | ၂ | - | ၁ | ဖရိုင်းဘတ် |
| ဆန့်ဟူဆန် | ၂ | - | ၅ | လေဗာကူဆင် |

### အင်တာမီလန်အသင်း နိုင်ပွဲဆက်မှာပါ

စနေနေ့ညမှာ အီတလီစီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အတ္တလန်တာအသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အခုပြိုင်ပွဲမှာ ရလဒ်ကောင်းတွေ ပိုင်ဆိုင်ထားတဲ့ အသင်းတွေဖြစ်ပေမဲ့ နည်းစနစ်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာတော့ အင်တာမီလန်က ပိုကောင်းနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ စီးရီးအေ ၁၀ ပွဲကစားအပြီးမှာ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ရရှိခဲ့တာကြောင့် ရမှတ် ၁၉ မှတ်နဲ့ အဆင့်(၄)ရောက်ရှိနေတာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးဇယားမှာလဲ အဆင့်(၁)က အင်တာမီလန်နဲ့ ရမှတ်ခြောက်မှတ်သာကွာဟနေသလို အဆင့်(၅)၊ (၆)၊ (၇) အသင်းတွေနဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် အခုပွဲစဉ်ရဲ့ရလဒ်ဟာ အမှတ်ပေးဇယားပြောင်းလဲမှုကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီအသင်းကြီးတွေနဲ့တွေ့ဆုံပွဲမှာ ဖီအိုရင်တီးနားကို သုံးဂိုး နှစ်ဂိုး၊ ဂျူဗင်တပ်ကို သရေ၊ လာဇီယိုအသင်းကို သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့ကြောင့် အင်တာမီလန်လိုတိုက်စစ်ထက်မြက်ပြီး ဂိုးသွင်းအများဆုံးဖြစ်နေတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ယှဉ်နိုင်ဖို့တော့ မဖြစ်နိုင်ပါဘူး။

အင်တာမီလန်အသင်းဟာ နည်းပြအင်ဇာဂီလက်အောက်မှာ ကစားပုံထက်မြက်လာတာကြောင့် စီးရီးအေမှာအောင်မြင်မှုရတဲ့ အသင်းအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ တိုက်စစ်မှူး ဒီဇစ်ကိုကို လက်လွှတ်ခဲ့ရပေမဲ့ တိုက်စစ်မှူး မားကပ်သူရမ်ကို ခေါ်ယူနိုင်ခဲ့တာကြောင့် တိုက်စစ်ကစားပုံ ပိုကောင်းလာခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းရဲ့ ၃-၅-၂ ကစားကွက်မှာ ကစားသမားအားလုံးနီးပါး ဂိုးသွင်းယူနိုင်ခဲ့တာကလဲ ပြိုင်ဘက်အသင်းတွေအတွက် ခက်ခဲနေတာဖြစ်ပါတယ်။ ဒါကြောင့် အတ္တလန်တာအသင်းဟာ အင်တာမီလန်အသင်းကို တားဆီးနိုင်ဖို့က နည်းစနစ်ပိုင်း ပြင်ဆင်လာမှသာဖြစ်နိုင်မှာပါ။ အင်တာမီလန်အသင်းဟာ အခုရာသီမှာ ပြိုင်ပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့ပြီး တိုက်စစ်ပိုင်း သွင်းဂိုး ၂၅ ဂိုးထိရရှိခဲ့တာကြောင့် အသင်းကြီးတွေနဲ့တွေ့ရင် ရလဒ်ပိုင်းကျဆင်းနေတဲ့ အတ္တလန်တာအသင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲနိုင်လို့ အင်တာမီလန်အသင်းပဲ နိုင်ပွဲဆက်သွားမှာပါ။

### အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပို့တင်းလစ္စဘွန်း | ၁ | - | ၂ | အတ္တလန်တာ |
| လာဇီယို | ၃ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၂ | - | ၀ | ဂျီနိုအာ |
| စတမ်းဂရေ့ | ၂ | - | ၂ | အတ္တလန်တာ |
| အမ်ပိုလီ | ၀ | - | ၃ | အတ္တလန်တာ |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၁ | - | ၀ | ဘင်ဖီကာ |
| အင်တာမီလန် | ၂ | - | ၂ | ဘိုလော့နာ |
| တိုရီနို | ၀ | - | ၃ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၁ | လိုက်ပ်ဇစ် |
| အင်တာမီလန် | ၁ | - | ၀ | ရိုးမား |

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနှစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌ သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ဘုတ်ပြင်းမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဘုတ်ပြင်း၊ နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကမာချောင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်ရမည့်အခြေအနေများနှင့် ကော်မတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကမာချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ပြောပြ၍ သိရသည်။

**အေးသူ**




## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊
## မန္တလေးတက္ကသိုလ်ဈေးဆိုင်ခန်းများ အငှားချထားနိုင်ရေးအတွက်
## တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ ဈေးဆိုင်ခန်း အငှားချထားနိုင်ရေးအတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | -(၃-၁၁-၂၀၂၃)ရက်နေ့မှ (၂၀-၁၁-၂၀၂၃)ရက်နေ့ထိ ရုံးချိန်အတွင်း |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန် | -(၂၀-၁၁-၂၀၂၃)ရက်(ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါရွေးချယ်မည့်ရက်၊အချိန်၊နေရာ | - ထပ်မံကြေညာပါမည်။ |
| (ဃ) | တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ | - ဘဏ္ဍာဌာန၊ မန္တလေးတက္ကသိုလ် (၇၃)လမ်း၊ မဟာအောင်မြေမြို့နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**၀၉-၆၉၆၄၄၇၀၃၇၊ ၀၉-၄၀၂၅၁၃၂၁၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ မတ္တရာမြို့နယ်၊ အမှတ်(၅)၊ ကျုံးတွင်းရပ်နေ ဦးပျို-ဒေါ်လှသီ တို့၏သား **မောင်အောင်မျိုးသန့် (၉/မတရ(နိုင်)၁၆၀၃၉၂)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးပျို (၉/မတရ(နိုင်)၀၀၄၉၈၆)**
**ဒေါ်လှသီ (၉/မတရ(နိုင်)၀၀၄၉၈၉)**

## ဖခင်အမည်မှန်

မန္တလေး၊ တံတားဦးမြို့နယ်၊ အ. ထ. က(တောင်ဘီလူး)တွင် အထက်တန်းပြဆရာဝန် ထမ်းဆောင်နေသော ဒေါ်သိမ့်သိမ့်ထွန်း(၉/တတဥ(နိုင်)၀၉၂၉၇၁)၏ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ဦးစိုးမြင့် ဖြစ်ပါကြောင်း။ **ဦးစိုးမြင့်(၉/တတဥ(နိုင်)၀၁၁၃၅၀)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ တံတားဦးမြို့နယ်၊ အ. ထ. က(တောင်ဘီလူး)တွင် အထက်တန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်သင်းသင်းနွယ်(၉/တတဥ(နိုင်)၀၄၀၄၀၉)၏ဖခင်သည် နိုင်ငံသားစိစစ်ရေးကတ်နှင့်အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးဘိုကြီး နှင့် အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်တွင်ပါရှိသော ဦးဗိုလ်ကြီးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဗိုလ်ကြီး (ခ) ဦးဘိုကြီး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ အိုးတော်မူလွန်ကျောင်း Grade-8 (အဌမတန်း)တွင် ပညာသင်ကြားနေသော မချယ်ရီဝင်း ၏ဖခင်အမည်မှန်မှာ ဦးကျော်မျိုးဝင်း ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးဝင်း**

## ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ ဇရပ်ကြီးကျေးရွာနေ မမြတ်အေးဟန် (ဘ) ဦးကျော်သင်း (၉/တသန(နိုင်)၀၂၃၂၃၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၆၇၈၆၅၀၉၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)နေ ဦးလှမြင့်အောင် ၏သား ကိုရည်မွန်အောင် (ခ) ကိုရည်မွန်ဟိန်းသန့် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကိုရည်မွန်အောင်(ခ)ကိုရည်မွန်ဟိန်းသန့်**
**(၉/ခအဇ(နိုင်)၀၂၃၁၆၈)**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ကိုကြည်လင်းဟန် (ခ) အောင်ချမ်းသာ (ခ) ဖက်တီး
## အသက် (၃၉)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (၈၈၃)၊ ချမ်းသာအောင်၊ ဖာခေါင်းရပ်နေ (ဦးတင်လှိုင်)+ဒေါ်ခင်ခင်အေး တို့၏သားလတ်၊ ကိုသီဟစိုး+မသီတာထွေး တို့၏ညီ၊ ကိုတင်လင်းအောင်+မမိုင်ချြူဝေ၊ မကေဇင်လှိုင် တို့၏အစ်ကို၊ မနှင်းချမ်းမြေ့ ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေယံလင်းခန့် (ခ) ဖိုးလပြည့် ၏ ဖခင်

**ကိုကြည်လင်းဟန် (ခ) အောင်ချမ်းသာ (ခ) ဖက်တီး အသက်(၃၉)နှစ်**

သည် ၁၃၈၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက်၊(၁-၁၁-၂၀၂၃) ရက် ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၁၂း၂၈)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် (၃-၁၁-၂၀၂၃)ရက်၊ မွန်းလွဲ (၁း၀၀)နာရီတွင် ဆေးရုံကြီး ရင်ခွဲရုံမှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထားမှုများဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့်

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**



**တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

